# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မိမိအဖို့အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကိုမကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့အကျိုးများနိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ 22, Friday July 2016 (၈၆၃၀)


# မိဘများသည် သားသမီးများအား ပြုစုပျိုးထောင်လိုသောစိတ်ဓာတ်ဖြင့် ကျောင်းသို့ပို့ခြင်းဖြစ်

# ဆရာ ဆရာမများအနေဖြင့် မွန်မြတ်သည့်လုပ်ငန်းဆိုသည့် ယုံကြည်မှုအပေါ်အခြေခံပြီး စေတနာနှင့်သင်ကြားပေး



၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၁**

အခြေခံပညာသင် ဆရာ ဆရာမများ အနေဖြင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အနစ်နာဆိုသည်မှာ စေတနာနှင့် ဝါသနာအပေါ် အခြေခံရမည်ဖြစ်ကြောင်း၊ စေတနာ၊ ဝါသနာ မှန်ပါက အနစ်နာခံနိုင်သည့် စိတ်၊ အနစ်နာခံချင်သည့်စိတ်၊ အနစ်နာခံနိုင်သည့် စွမ်းအားများရှိလာမည်ဖြစ်ကြောင်း၊ အခြေခံပညာကို ခိုင်မာအောင်လုပ်ရန် အရေးကြီးကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားကျေးရွာ(Gold Camp, Gold Medal Hall)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုသို့ပြောကြားခြင်းဖြစ်သည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱


# မြန်မာပြည်သူလူထုအတွက် အမေရိကန်အစိုးရက ဒေါ်လာ ၂၁ သန်း အကူအညီပေးမည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာပြည်သူလူထုအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်နိုင်ရေးအတွက် အမေရိကန်အစိုးရက ဒေါ်လာ ၂၁ သန်း အကူအညီပေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေး ဒုတိယအကြံပေး မစ္စတာ ဘန်ဂျမင်ရုဒ်က ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန ကျောင်းသားကျောင်းသူများနှင့် ယမန်နေ့ကတွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ ဖော်ပြချက်အရ သိရသည်။

မြန်မာနိုင်ငံသို့ နှစ်ရက်တာခရီးစဉ်အဖြစ် လာရောက်ခဲ့သော အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေး ဒုတိယအကြံပေးသည် ယမန်နေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးအား အမေရိကန်နိုင်ငံသို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရှိရသည်။

မစ္စတာ ဘန်ဂျမင်ရုဒ်က အမေရိကန်နိုင်ငံမှ ဒေါ်လာ ၂၁ သန်း အကူအညီပေးအပ်သွားမည့် ပဏာမအစီအစဉ်သည် အစိုးရ၏ရည်မှန်းချက်ဖြစ်သော ငါးနှစ်အတွင်း ပို့ကုန်သုံးဆတိုးလာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး တာဝန်ယူမှုပံ့ပိုးရေးနှင့် ပွင့်လင်းမြင်သာမှုကြီးကြပ်ရေးတွင် အစိုးရနှင့် တရားရေးစနစ်တို့၏ လုပ်နိုင်စွမ်းကို


**စာမျက်နှာ ၃ ကော်လံ ၂ သို့** ❖




အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေး ဒုတိယအကြံပေး မစ္စတာ ဘန်ဂျမင်ရုဒ်နှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန ကျောင်းသားကျောင်းသူများ တွေ့ဆုံစဉ်။ (ဓာတ်ပုံ-အမေရိကန်သံရုံး)





အေးရန်ကာဆီးမည်

**နဂါးနီ** ဘုရင့်နောင်အဆုံးကြီးတစ်ခုလှဲရေး

| အမျိုးအစား | အခွေလွတ်(၁၂-ကာလစ်) | တပ်ဆင်ပြီးဈေး |
| --- | --- | --- |
| ဂါဗာနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး ➡ တိုင်၊ တန်း၊ ပစ္စည်းဖိုး၊ တပ်ဆင်ခနှင့် သယ်ယူစရိတ် အားလုံးပါဝင်ပြီးဖြစ်သည်။

Ph: 09 79 656 9001, 09 79 656 9002



# ကြေးမုံ

## ပြည်သူပြည်သားများအတွက် အပေါင်းလက္ခဏာ

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားများကို ယခင်နှင့်မတူ နိုင်ငံတစ်ဝန်းတွင် အုန်းအုန်းကျွက်ကျွက် အောင်မြင်စွာကျင်းပပြီးစီးခဲ့လေပြီ။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား သတိရတမ်းတမှန်းဆကာ ဦးညွှတ်အလေးပြုခဲ့ကြသည်။ အာဇာနည်နေ့၏ အနှစ်သာရကား ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံနှင့်လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ပုံ၊ အခက်အခဲ အကျပ်အတည်းများကြားမှ မြန်မာနိုင်ငံ လွတ်လပ်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာ တိုက်တွန်းခဲ့ပုံ၊ စည်းရုံးလှုံ့ဆော်နိုင်ခဲ့ပုံတို့မှာ ထိုအချိန်ထိုကာလက ပြည်သူတို့သာမက မျက်မှောက်ကာလ ပြည်သူလူထုတို့အထိတိုင် နှလုံးသည်းပွတ်တွင် စွဲထင်ကျန်ရစ်စေသည်။

မျက်မှောက်ကာလမှာလည်း ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးနှင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ပေါ်ရေးအတွက် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ကာ အခက်အခဲ အကျပ်အတည်းများကြားမှ နိုင်ငံကို ပြန်လည်တည်ဆောက်နေရသော အချိန်ကာလဖြစ်သည်။ လွတ်လပ်ရေးမရခင်ကာလက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့နိုင်ငံရေးကို ပြောင်မြောက်စွာထုဆစ်ပုံဖော်ခဲ့သလို မျက်မှောက်ကာလနိုင်ငံကို ပြန်လည်တည်ဆောက်ရန်အတွက် လူထုခေါင်းဆောင်က ထိရောက်စွာအကောင်အထည်ဖော်နေသည်ကို မြင်တွေ့ရသည်။

အတိတ်ကာလက အမျိုးသားခေါင်းဆောင်ကြီး၏ ဦးဆောင်မှုအောက်တွင် လူထုတစ်ရပ်လုံး တက်တက်ကြွကြွပါဝင်လာသကဲ့သို့ မျက်မှောက်ကာလ၌ လူထုခေါင်းဆောင်၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် အချိန်အခါသမယပင်ဖြစ်သည်။ ပြည်သူလူထုဟု ဆိုရာ၌ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူအားလုံး ပါဝင်ပေသည်။ အရပ်သားအစိုးရ၏ ဦးဆောင်မှုအောက်တွင် ယုံကြည်စွာဖြင့် အတူလက်တွဲပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး မှန်ကန်သောအသိ၊ မှန်ကန်သောခံယူချက်၊ မှန်ကန်သောလုပ်ဆောင်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်ပြီး နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာရပ်တည် နေထိုင်နိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတော်ကိုပြန်လည်ထူထောင်ရာ၌ တစ်ဦးနှင့်တစ်ဦး အပြစ်တင်၊ အပြစ်ရှာနေခြင်းဖြင့် အားနည်းချက်များ ပြန်လည်ကောင်းမွန်ကာ တိုင်းပြည်တိုးတက်လာမည်မဟုတ်ချေ။ တိုင်းပြည်ကို ပြန်လည်ထူထောင်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပံ့ပိုးဆောင်ရွက်မှုများ ခိုင်မာအားကောင်းဖို့လိုသည်မှာ မှန်ပေသည်။ သို့သော် အကောင်အထည်ဖော်သော အမှုထမ်းများက တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံးဆောင်ရွက်မည်ဟူသော ခံယူချက်နှင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း အသိစိတ်ဓာတ်ရှိစွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်မည်ဟု ခံယူပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင် အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးစားပေးအကောင်အထည်ဖော်နေသော အချိန်ကာလဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးကတည်းက မငြိမ်းချမ်းသော အခြေအနေများကို ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်နေသောအချိန် ဖြစ်ပါသည်။ ပြည်သူများ လိုလားတောင့်တသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်၍ ငြိမ်းချမ်းရေးရရှိစေရန် ဦးစွာကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံတွင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများ ပါဝင်လာရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရေးကို တိုင်ပင်ဆွေးနွေးနိုင်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက သိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မလျော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် အပေးအယူမျှတအောင် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ အခြေအနေကောင်းများ ရရှိနေပြီဖြစ်သည်။ မြန်မာ့သမိုင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မျှော်လင့်မထားသော အခြေအနေကောင်းများပင်ဖြစ်သည်။ မှန်ကန်သောစေတနာနှင့် ဖြူစင်သော မေတ္တာတရားများကြောင့် အခြေအနေကောင်းများကို ရရှိလာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ထိုသို့သောအခြေအနေတွင် ပြည်သူလူထုတစ်ရပ်လုံးနှင့် အမှုထမ်းများအနေဖြင့် တိုင်းပြည်ယိုင်နဲ့အားချည့်စေမည့် ပြုမူလုပ်ကိုင်မှုများတွင် နားမယောင်မိစေဘဲ မိမိနိုင်ငံတည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ယုံကြည်မှုအပြည့်ဖြင့် ဦးလည်မသုန်ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအတွက် အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်မှုများကို ကြိုဆိုကြပြီး အနုတ်လက္ခဏာဆောင်မှုများကို ရှောင်ရှားကြရမည်ဖြစ်သည်။ သို့မှသာ ပြည်သူလူထု တစ်ရပ်လုံး မျှော်မှန်းထားသည့် ခရီးလမ်းသို့ ချောမွေ့စွာလျှောက်လှမ်းရင်း ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ။

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့ ပူးပေါင်း၍ အစီအစဉ်များထုတ်လုပ်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် BBC Media Action ၏ Country Director Mr. Ed Pauker တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့ပူးပေါင်း၍ အစီအစဉ်များထုတ်လုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုမီဒီယာအသွင် ကူးပြောင်းရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ပြည်သူအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် အစီအစဉ်များ တိုးမြှင့်ထုတ်လွှင့်နိုင်ရေး၊ Issue- Based Reporting နှင့် Analytical Reporting Program များ ထုတ်လုပ်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## Rural Core Road Network သင်တန်းအား ADB ၏ အကူအညီဖြင့် ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် ADB ၏ အကူအညီဖြင့် Rural Core Road Network သင်တန်းအား ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ်(၁၄)၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြင်းခြံ၊ လင်းခေးနှင့် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ဝန်ထမ်း ၃၁ ဦးတက်ရောက်ခဲ့ပြီး သင်တန်း၏အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာများ၌ တစ်ရွာလျှင် ကျေးလက်လမ်းတစ်လမ်းဖောက်လုပ်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲရန်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်သူများအသင်းတည်ထောင်ပြီး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသွားမည်

**မုံရွာ ဇူလိုင် ၂၁**


အထက်မြန်မာပြည်၏ စပါးကျီဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အထွက်နှုန်းကောင်းသည့် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်သူများအသင်း (Seed Grower Association) တည်ထောင်၍မျိုးကောင်းမျိုးသန့်များစိုက်ပျိုးထုတ်လုပ်ကာ စပါးစိုက်တောင်သူများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပွားများ ဖြန့်ဖြူးပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ ရေဦး၊ ချီပါနှင့် ငွေးကုန်းမျိုးသန့်ခြံသုံးခုမှ ထုတ်လုပ်ပေးလျက်ရှိရာ စိုက်ပျိုးဧကများအတွက် မျိုးကောင်းမျိုးသန့်များ လုံလောက်မှုမရှိသဖြင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးသန့်မျိုးပွားမျိုးစေ့ (RS)များကို အကျိုးဆောင်တောင်သူများနှင့်ပူးပေါင်းပြီး စီးပွားဖြစ် မျိုးသန့်မျိုးစေ့(CS)ထုတ်လုပ်ကာ ထွက်ရှိလာသည့် မျိုးသန့်မျိုးစေ့များကို အကျိုးဆောင်တောင်သူများမှ စပါးစိုက်တောင်သူများထံ နှစ်စဉ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မျိုးစေ့ထုတ်လုပ်သူများအသင်းကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။

"တိုင်းဒေသကြီးအတွင်း ရွှေဘိုခရိုင်အတွင်းမှာ ရွှေဘိုပေါ်ဆန်းမျိုး၊ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်ခရိုင်အတွင်းမှာ ဧရာမင်းနဲ့ ဆင်းသုခမျိုး၊ ချင်းတွင်း အထက်ပိုင်းဒေသတွေမှာ ဆင်းဧကရီ(၃)၊ မော်ဘီ(၂) စပါးမျိုးတွေကို အများဆုံးစိုက်ကြတယ်။ ဦးစီးဌာနအနေနဲ့က မျိုးသန့်ခြံသုံးခြံကနေ မျိုးကောင်းမျိုးသန့်စပါးမျိုးတွေကို နှစ်စဉ်ထုတ်လုပ်ပေးပေမယ့် လုံလောက်မှုမရှိတဲ့အတွက် အကျိုးဆောင်တောင်သူတွေနဲ့ ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်သူများအသင်းဖွဲ့စည်းတယ်။ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးထုတ်လုပ်ပြီး စပါးစိုက်တောင်သူတွေကို ဖြန့်ဖြူးပေးဖို့ပါ။ မျိုးစေ့ထုတ်နည်းပညာပေးဆွေးနွေးပွဲတွေကို လုပ်ဆောင်ပေးနေပါတယ်။ အခုအချိန်က မိုးစပါးပျိုးထောင်ချိန် ဖြစ်ပါတယ်။ ချင်းတွင်းအထက်ပိုင်းဒေသတွေမှာတော့ စတင်စိုက်ပျိုးနေပါပြီ။ မျိုးစေ့ထုတ်လုပ်သူများအသင်း ဖွဲ့စည်းနိုင်တဲ့အတွက် တောင်သူတွေအတွက် အကျိုးရှိသလို ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်စပါးမျိုးတွေကို လုံလောက်စွာထုတ်လုပ်ပေးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကျိုးဆောင်တောင်သူများ၏ စိုက်ကွက်များတွင် မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်လုပ်နိုင်ရန် မြို့နယ် ၃၄ မြို့နယ်ရှိ ကျေးရွာ ၁၃၉ ရွာတွင် တောင်သူ ၅၆၉ ဦးဖြင့် မျိုးစေ့ထုတ်လုပ်သူများအသင်း ၆၀ကို ဇူလိုင်လဆန်းပိုင်းတွင် စတင်ဖွဲ့စည်းကာ မျိုးကောင်းမျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးသန့်ခြံသုံးခြံမှ စပါးမျိုးစေ့များ ဖြန့်ဖြူးပေးခြင်းနှင့် မျိုးစေ့ထုတ်လုပ်နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## စာကြည့်တိုက်ရှင်သန်ရေး ကွင်းဆင်းဆွေးနွေး

**မြောင်းမြ ဇူလိုင် ၂၁**

စာကြည့်တိုက်ရှင်သန်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်က မြောင်းမြမြို့နယ် ကြာဖူးငုံလက်ပံကျေးရွာ ကုမုဒြာ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိနှင့် အဖွဲ့များနှင့် စာကြည့်တိုက် ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးခဲ့ပြီး ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်မာလာဝင်းက ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးကာ စာအုပ်စာစောင်များ ငှားရမ်းခြင်း၊ အသင်းဝင်ကတ်များ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဘီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အောက်စဖို့ဒ်တက္ကသိုလ်မှ Professor Nick Rawlins တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ Pro-vice-Chancellor Professor Nick Rawlins တို့သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပညာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး၊ ရေနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရေး၊ ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်ရေးနှင့် အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်မှုသင်တန်းများပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိဘများသည် သားသမီးများကို အကောင်းဆုံးဖြစ်စေချင်သဖြင့် ကိုယ့်ထက်ပိုပြီးတတ်သော၊ ကိုယ့်ထက်ပိုပြီးကျွမ်းကျင်သော သူများလက်ထဲကိုထည့်၍ သားသမီးများအား ပြုစုပျိုးထောင်လိုသောစိတ်ဓာတ်ဖြင့် ကျောင်းသို့ပို့ခြင်းဖြစ်ကြောင်း၊ မိဘများက ကျောင်းများကိုအားကိုးပြီး လေးစားတန်ဖိုးထားကြကြောင်း၊ ကျောင်းများသည် အမှန်တကယ်အားကိုးထိုက်အောင်၊ လေးစားထိုက်အောင်၊ တန်ဖိုးထားထိုက်အောင် ရှိရဲ့လားဆိုသည်ကို ပညာရေးနှင့် ပတ်သက်ပါဝင်သည့် ပုဂ္ဂိုလ်များအားလုံး စဉ်းစားရမည့်ကိစ္စဖြစ်ကြောင်း၊ ထို့ပြင် ကလေးများဘဝကို ရင်ဆိုင်နိုင်မည့် အခြေအနေကိုပေးနိုင်မည့် ခိုင်မာသောအုတ်မြစ်များချပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ရဲ့လားဆိုသည်ကိုလည်း စဉ်းစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မူလတန်းပညာကို လွန်စွာအလေးထားပါကြောင်း၊ မူလတန်း သင်ရသည့်အလုပ်သည် အခက်ခဲဆုံးနှင့် အရေးအပါဆုံးဆိုသည်ကို လက်ခံထား၍ဖြစ်ပါကြောင်း၊ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သည့်အတွက် အစကောင်းအောင်လုပ်ပေးရသည့် မူလတန်းအဆင့် ဆရာ ဆရာမများနှင့် မူလတန်းပညာသည် အရေးကြီးသည့်အတွက် အခြေခံ၏အခြေခံဟု ပြော၍ရပါကြောင်း၊ သင်ကြားရေးလုပ်ငန်းဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအနေဖြင့် မိမိလုပ်ငန်းကို မွန်မြတ်သည့်လုပ်ငန်း၊ နောင်မျိုးဆက်များကို ပြုစုပျိုးထောင်ပေးနေသည့် လုပ်ငန်းဆိုသည့် ယုံကြည်မှုအပေါ် အခြေခံပြီးမှသာလျှင် စေတနာနှင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားရာတွင် ဝါသနာဆိုသည်မှာလည်း အတိုင်းအတာတစ်ခုအထိ အရေးကြီးကြောင်း၊ ကလေးတစ်ယောက်အား ဘာသာစကားတစ်ခုသင်ပေးမည်ဆိုပါက ပထမအလိုအပ်ဆုံးကိစ္စသည် အဆိုပါကလေးအကြောင်း သိရန်အရေးကြီးသကဲ့သို့ သင်ပေးသည့် ဘာသာရပ်အကြောင်းကိုလည်း သိဖို့အရေးကြီးပါကြောင်း၊ မိမိသင်သည့် ကလေးအကြောင်းသိမှသာလျှင် ဘာသာရပ်ကို ပိုင်ပိုင်နိုင်နိုင် ဖြစ်အောင် သင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုသိဖို့လည်း အရေးကြီးပါကြောင်း၊ မိမိသင်နေသည့် တပည့်များအကြောင်း သိရုံသာမက ကိုယ့်အကြောင်းကိုသိပြီး မိမိကိုယ်ကိုလည်း တစ်ချိန်လုံးပြုပြင်လိုသည့်စိတ်ရှိရမည်ဖြစ်ကြောင်း၊ ကျောင်းမှပြဋ္ဌာန်းသည့်စာအုပ်များကိုသာ သိရုံ၊ လေ့လာထားရုံနှင့် မလုံလောက်ဘဲ မိမိ၏ ဗဟုသုတအမြင် ကြွယ်ဝကျယ်ပြန့်မှသာ မိမိတပည့်များ၏ ဗဟုသုတအမြင် ကြွယ်ဝအောင် လုပ်ပေးနိုင်မည်ဖြစ်ပြီး စာသင်ချင်အောင် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စေတနာနှင့် ဝါသနာရှိပါက အနစ်နာခံခြင်းဆိုသည်မှာ အလိုလိုဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် မိမိ၏အလုပ်ကို ကျေနပ်မှုအပြည့်ရှိပြီဆိုပါက အခြေခံပညာရေးစနစ်သည် စေတနာ၊ ဝါသနာ၊ အနစ်နာအပေါ် အခြေခံသည့်စနစ်ဖြစ်ပြီး မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကျေနပ်နိုင်မည့် ကျေးဇူးတရားနှင့် ဂုဏ်ယူနိုင်၊ လေ့လာနိုင်မည့် ပညာရေးစနစ်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၅၄၆၁ ကျောင်း၊ ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းပေါင်း ၄၃၁၄၄၄ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉ ဒသမ ၂ သန်းခန့် ပညာသင်ယူလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ရက်(၁၀၀)လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ပညာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပရာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းမြင့်က "သင်ယူတတ်မြောက်မှုစစ်ဆေးခြင်းဆိုင်ရာ လေ့လာသုံးသပ်ချက်" စာတမ်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒေါ်ခင်မာဆွေက "ဆရာများ၊ ကျောင်းအုပ်များ၊ ကျောင်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်နည်းလမ်းများနှင့် အညွှန်းကိန်းများဆိုင်ရာ လေ့လာသုံးသပ်ချက်" စာတမ်းကို လည်းကောင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးဝင်းက "အခြေခံပညာ ဆရာ ဆရာမများခန့်ထားရေးဆိုင်ရာ သုံးသပ်လေ့လာတင်ပြချက်" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဖတ်ကြားတင်ပြကြသည့် စာတမ်းများကို အဖွဲ့ငယ်များဖွဲ့၍ ဆွေးနွေးအကြံပြုကြပြီး ပြန်လည်တင်ပြ၍ ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲရက်များတွင် စာတမ်းရှင်အသီးသီးက စာတမ်းများဖတ်ကြားတင်ပြကြပြီး တင်ပြသည့်စာတမ်းများအပေါ် အဖွဲ့ငယ်အလိုက်ဆွေးနွေးအကြံပြုခြင်း၊ စုစည်းခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာရှိ ဘိုးဘွားများကြို/ပို့နိုင်ရန် မော်တော်ယာဉ်နှစ်စီး လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ လာရောက်ကြမည့် ဘိုးဘွားများအား ကြိုဆိုပို့ဆောင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)က Hondai အမျိုးအစား ၂၈ ယောက်စီး မော်တော်ယာဉ်နှစ်စီးအား ဇူလိုင် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ယင်းဂေဟာ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ BFM ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်နှင့် တာဝန်ရှိသူများ၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ အဘိုးအဘွားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားပြီး BFM မှ တာဝန်ရှိသူ ဦးမိုးဆန်းအောင်က လှူဒါန်းရခြင်းနှင့် ပက်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် BFM ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်က မော်တော်ယာဉ်နှစ်စီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီးထံ လွှဲပြောင်းပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ အဘိုးဦးစိုးလှိုင်က "ဘိုးဘွားတွေရဲ့ သွားရေးလာရေးအဆင်ပြေစေဖို့ မော်တော်ယာဉ်ထောက်ပံ့ပေးခြင်းနဲ့ ဘိုးဘွားတွေရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အတွက် အထူးပင်ဝမ်းမြောက်ပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ အလှူရှင်တွေက(ကြို/ပို့ယာဉ်)ကို ကိုယ်တိုင်လာရောက်ပြီး လှူဒါန်းပေးတဲ့အတွက် ဒီနေ့ကို ဘိုးဘွားတွေရဲ့ အပျော်ဆုံးနေ့လို့သတ်မှတ်ချင်ပါတယ်။ ဘိုးဘွားတွေကို ပစ်ပယ်မထားဘဲ ယာဉ်အန္တရာယ်တစ်စုံတစ်ရာ ထိခိုက်မှုမရှိအောင် သွားရေး လာရေး အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ ပြည်ထောင်စုဝန်ကြီး၊ မော်တော်ယာဉ်နှစ်စီးကို လှူဒါန်းပေးတဲ့ BFM ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနဲ့ အဖွဲ့ရဲ့စေတနာတွေကို ဘိုးဘွားတွေအားလုံးက အထူးကျေးဇူးတင်ပါတယ်"ဟု ပြန်လည်ပြောကြားခဲ့သည်။

**(ဝ၁၀)**



**❖ မြန်မာပြည်မှ**

အားဖြည့်ပေးမည်ဖြစ်ကြောင်း လာမည့် ၁၀ နှစ်အတွင်း အလုပ်အကိုင် ဖန်တီးပေးရေးအတွက် မောင်းနှင်အားဖြစ်သော ခေတ်မီလယ်ယာကဏ္ဍအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်၌ ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက "မြန်မာပြည်သူလူထုအတွက် ထူးခြားတဲ့အကျိုးအမြတ်တစ်ခုရရှိစေဖို့အတွက် ဒီမိုကရေစီကို ကျွန်တော်တို့လိုချင်ပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုရဲ့ စိတ်ဝင်စားမှုကဘာပါလဲ။ ခင်ဗျားတို့အောင်မြင်နေတာကို မြင်တွေ့ရဖို့အတွက် ကျွန်တော်တို့တစ်တွေဒီမှာရှိနေတာပါ။ ခင်ဗျားတို့ရဲ့အောင်မြင်မှုမှာ ကျွန်တော်တို့တစ်တွေ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ခင်ဗျားတို့ ပိုပြီးအောင်မြင်မှုရလေလေ၊ ဒီမိုကရေစီဆိုတာ ပြည်သူလူထုအတွက်အောင်မြင်မှုကို ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတဲ့ ပိုမိုကောင်းမွန်တဲ့နမူနာကို ခင်ဗျားတို့က ကမ္ဘာတစ်ဝန်းကို ပြသနိုင်လေလေဖြစ်ပါတယ်" ဟုလည်း ပြောကြားခဲ့ကြောင်း အမေရိကန်သံရုံးဖော်ပြချက်အရ သိရသည်။

၎င်း၏ ခရီးစဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံကာ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် မြန်မာပြည်သူလူထုအတွက် အမေရိကန်နိုင်ငံသည် မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးကြကြောင်း အမေရိကန်သံရုံး ဖော်ပြချက်အရ သိရသည်။

**(ရှင်မင်း)**

■

## သစ်တောသစ်ပင် ဒို့ချစ်ချင် အစဉ်စိုက်ပျိုး အလုတိုး

# ယမန်နှစ်က တရုတ်စုံတွဲနှစ်သန်းခန့် ဒုတိယမြောက်ကလေး မွေးဖွားခွင့်လျှောက်ထား



**ပေကျင်း ဇူလိုင် ၂၁**
၂၀၁၅ ခုနှစ်အကုန်တွင် တရုတ်စုံတွဲနှစ်သန်းခန့်က ဒုတိယမြောက်ကလေးတစ်ဦး မွေးဖွားခွင့်လျှောက်ထားခဲ့ကြောင်း မိသားစုစီမံကိန်းအာဏာပိုင်အဖွဲ့က ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အမျိုးသားကျန်းမာရေးနှင့် မိသားစုကော်မရှင်က ဇူလိုင် ၂၁ ရက်တွင် သတင်းလွှာတစ်စောင် ထုတ်ဝေခဲ့ပြီး ၈၉ ဒသမ ၂ ရာခိုင်နှုန်းသော ရွှေ့ပြောင်းလူဦးရေမှာ လွတ်လပ်သော မိသားစုစီမံကိန်းအတွက် အခွင့်အလမ်းရှိကြောင်း ပြောကြားသည်။ တရုတ်နိုင်ငံ၏ ထိပ်တန်းဥပဒေပြုအဖွဲ့ဖြစ်သော အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီသည် ၂၀၁၃ ခုနှစ်အကုန်က မိဘများအတွက် ကလေးငယ်တစ်ယောက်သာရှိပါက ဒုတိယမြောက်ကလေးယူခွင့်ပြုလိုက်ပြီး ကလေးတစ်ယောက်သာယူခွင့်ရှိသည့်မူဝါဒကို ဖြေလျှော့ပေးခဲ့သည်။

၂၀၁၅ ခုနှစ်အကုန်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေတစ်ရပ်က တရုတ်စုံတွဲတိုင်းအား ဒုတိယမြောက်ကလေးယူခွင့်ပြုပြီး ဆယ်စုနှစ်များစွာ ကြာကျင့်သုံးခဲ့သော ကလေးတစ်ယောက်သာ ယူခွင့်ရှိသည့်မူဝါဒကို လုံးဝဥသုံဖျက်သိမ်းခဲ့သည်။ တရုတ်အစိုးရသည် ပြီးခဲ့သည့်နှစ်က မိသားစုစီမံကိန်းဆောင်ရွက်ရာတွင် ကျေးလက်ဒေသမှ အိမ်ထောင်စုများကိုပံ့ပိုးမှုအဖြစ် ယွမ် ၁၁ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) သုံးစွဲခဲ့ပြီး ၂၀၁၄ ခုနှစ်ကထက် ယွမ် ၁ ဒသမ ၄၆ ဘီလီယံ ပိုမိုသုံးစွဲခဲ့ကာ လူပုဂ္ဂိုလ်ကိုးသန်းကျော်အတွက် အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း အဆိုပါကော်မရှင်က ဆိုသည်။ **ဆင်ဟွာ။**



အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်။ နယူးဇီလန် ဝန်ကြီးချုပ် ဂျွန်ကီးလ်။

# ဆယ်စုနှစ် သုံးစုကျော်ကာလအတွင်း ပထမဆုံးအကြိမ် နယူးဇီလန်သို့ အမေရိကန် ရေတပ်သင်္ဘောများ လာရောက်မည်

**ဝယ်လင်တန် ဇူလိုင် ၂၁**
နယူးဇီလန်နိုင်ငံက အဏုမြူလက်နက်ဆန့်ကျင်ရေးဘက်မှ ထောက်ခံသည့် သင်္ဘောထားရပ်တည်ချက်ကြောင့် ၃၂ နှစ်ကြာမျှ နယူးဇီလန်နှင့် အမေရိကန် နှစ်နိုင်ငံအကြား သင်္ဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ရပြီးနောက် ပထမဆုံးအကြိမ် အမေရိကန်ရေတပ် စစ်သင်္ဘောများသည် နယူးဇီလန်နိုင်ငံပိုင် ရေပြင်သို့ ပြန်လည်လာရောက်မည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယခုနှစ် နိုဝင်ဘာလတွင် အုတ်ကလန်မြို့၌ ကျင်းပမည့် နယူးဇီလန်ရေတပ် တည်ထောင်သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ်ပြုလုပ်မည့် နိုင်ငံတကာ ရေတပ် တပ်ဖွဲ့များ၏ ပင်လယ်ရေကြောင်းစစ်ရေးလေ့ကျင့်ပွဲသို့ တက်ရောက်ရန် နယူးဇီလန်၏ ဖိတ်ကြားချက်ကို အမေရိကန်ရေတပ်က လက်ခံခဲ့ကြောင်း နယူးဇီလန်သို့ ရောက်ရှိနေသည့် အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်နှင့် နယူးဇီလန် ဝန်ကြီးချုပ် ဂျွန်ကီးလ်တို့ ဇူလိုင် ၂၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အတည်ပြု ပြောကြားကြသည်။

ဂျိုးဘိုင်ဒင်သည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း နယူးဇီလန်သို့ လာရောက်သည့် ပထမဆုံးသော အမေရိကန် ဒုတိယသမ္မတတစ်ဦးဖြစ်သည်။ ၎င်းသည် ဇူလိုင် ၂၀ ရက်တွင် အုတ်ကလန်မြို့သို့ ရောက်ခဲ့ပြီး ၎င်း၏ ၂၄ နာရီကြာ နယူးဇီလန်ခရီးစဉ်ကို စတင်ခဲ့သည်။

အမေရိကန် စစ်ရေယာဉ်များ နယူးဇီလန်သို့ လာရောက်ခြင်းကို ကန့်ကွက်မည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးလှုပ်ရှားသူများက ပြောကြားကြသည်။

အဏုမြူလက်နက် တပ်ဆင်ထားသော အမေရိကန်၏ ရေတပ်သင်္ဘောများနှင့် အဏုမြူစွမ်းအင်သုံး ရေယာဉ်များ နယူးဇီလန်သို့ လာရောက်ခွင့်ကို နယူးဇီလန်အစိုးရက ပိတ်ပင်ခြင်းမပြုမီ ၁၉၈၀ ပြည့်နှစ် အစောပိုင်းကတည်းကပင် ငြိမ်းချမ်းရေးလှုပ်ရှားသူများက အမေရိကန်ရေတပ်သင်္ဘောများ လာရောက်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။
**ဆင်ဟွာ။**

# လစ်ဗျား၌ ပြင်သစ်တပ်ဖွဲ့ဝင်များ ရောက်ရှိနေမှု အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးရာရောက်ဟုဆို

**ထရိပိုလီ ဇူလိုင် ၂၁**
လစ်ဗျားနိုင်ငံသို့ ပြင်သစ်တပ်ဖွဲ့ဝင်များ စစ်ရေးအရ ရောက်ရှိနေခြင်းနှင့်ပတ်သက်၍ ပြင်သစ်အစိုးရအဖွဲ့က မိမိတို့နှင့် ညှိနှိုင်းလုပ်ကိုင်ခဲ့ခြင်း မရှိကြောင်း လစ်ဗျားနိုင်ငံ၏ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့က ဇူလိုင် ၂၁ ရက်တွင် ပြောကြားလိုက်သည်။

ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် နိုင်ငံတကာမှ အထူးတပ်ဖွဲ့ဝင်များသည် လစ်ဗျားနိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသတို့ရှိ နယ်မြေများတွင် ရောက်ရှိနေကြသည် ဆို၏။

လစ်ဗျားအရှေ့ပိုင်း၌ အစ္စလာမ့်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့ကို ချေမှုန်းတိုက်ခိုက်နေသော တပ်မှူး ခါလီဖာ ဟာဖတာ၏ တပ်ဖွဲ့များနှင့်အတူ ပြင်သစ်တပ်ဖွဲ့ဝင်များ လက်တွဲလုပ်ကိုင်နေကြသည်။

ကုလသမဂ္ဂက ထောက်ခံသော အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ကို အသိအမှတ်မပြုနိုင်ကြောင်း ခါလီဖာက ပြောကြားသည်။ မြို့တော် ထရိပိုလီရှိ ကုလသမဂ္ဂ ထောက်ခံသော အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ကို ပြင်သစ်အပါအဝင် အနောက်တိုင်း နိုင်ငံကြီးများက အသိအမှတ်ပြုထားသည်။

လစ်ဗျားနိုင်ငံ၌ ပြင်သစ်တပ်ဖွဲ့ဝင် သုံးဦး လိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရမှုကြောင့် အဆိုပါတပ်ဖွဲ့ဝင်များ သေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ညီညွတ်ရေးအစိုးရအဖွဲ့က တုံ့ပြန်ပြောကြားခဲ့သည်။

ဇူလိုင် ၁၇ ရက်က လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့အနီးတွင် ရဟတ်ယာဉ်ပစ်ချခံရမှု ဖြစ်ပွားခဲ့သည်။

လစ်ဗျားညီညွတ်ရေး အစိုးရအဖွဲ့နှင့် ညှိနှိုင်းခြင်းမရှိဘဲ နိုင်ငံအရှေ့ပိုင်းဒေသ၌ ပြင်သစ်တပ်ဖွဲ့များ ရှိနေခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ရာရောက်သည်ဟု ညီညွတ်ရေးအစိုးရအဖွဲ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**





# တူရကီ၌ အရေးပေါ်အခြေအနေ ထုတ်ပြန်

**အစ္စတန်ဘူလ် ဇူလိုင် ၂၁**
တူရကီနိုင်ငံ၌ သုံးလကြာ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်ကြောင်း သမ္မတ တေယစ် အာဒိုဂန်က ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က ဖြစ်ပွားခဲ့သော မအောင်မြင်သည့် အာဏာသိမ်းပွဲအတွက် တာဝန်ရှိသူများအား ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်နိုင်စေရန် အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာရခြင်းဖြစ်ကြောင်း သမ္မတ အာဒိုဂန်က ပြောကြားသည်။

ဇူလိုင် ၁၅ ရက် အာဏာသိမ်းပွဲနောက်ပိုင်း အရေးယူနှိမ်နင်းမှုများကို အပြင်းအထန်ပြုလုပ်နေသော သမ္မတ အာဒိုဂန်အား ဥရောပသမဂ္ဂ (အီးယူ)ခေါင်းဆောင်က ဝေဖန်ခဲ့သည်။

တူရကီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေကို ထုတ်ပြန်ခြင်းဖြစ်ကြပြီး တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားများလွတ်လပ်ခွင့်ရှိရေးတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။ **ရိုက်တာ။**

# ကိုးကွယ်သည့်ဘာသာဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ




**နေပြည်တော် ဇူလိုင် ၂၁**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ရှေ့ပြေး လူဦးရေစာရင်းကို ထုတ်ပြန်၍ ၂၀၁၅ ခုနှစ် မေလတွင် ပင်မသန်းခေါင်စာရင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ပင်မသန်းခေါင်စာရင်း၏ နောက်ဆက်တွဲ အစီရင်ခံစာတစ်ခုဖြစ်သော ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ၊ သန်းခေါင်စာရင်းအချက်အလက်များ၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ မှန်ကန်တိကျစေရေးအတွက် အရည်အသွေးထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် စာရင်းဇယားအဆင့်ဆင့် ထုတ်ပြန်ခဲ့မှုအခြေအနေ၊ သန်းခေါင်စာရင်းကောက်ယူရရှိသည့် လူဦးရေစာရင်းနှင့် မကောက်ယူနိုင်သည့်ဒေသများမှ ခန့်မှန်းလူဦးရေစာရင်းတို့အပေါ် ကိုးကွယ်သည့်ဘာသာဆိုင်ရာ အချက်အလက်များအား ပင်မသန်းခေါင်စာရင်း၏ နောက်ဆက်တွဲ အစီရင်ခံစာတစ်ခုအဖြစ် ထုတ်ပြန်နိုင်ရေးဆောင်ရွက်မှု၊ သန်းခေါင်စာရင်းအချက်အလက်များမှ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ဇယားကားချပ်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့်တွေ့ဆုံရာ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရရှိသော စုစုပေါင်း လူဦးရေ ၅၀၂၇၉၉၀၀ အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဗုဒ္ဓဘာသာ ၄၅၁၈၅၄၄၉ (၈၉ ဒသမ ၈)ရာခိုင်နှုန်း၊ ခရစ်ယာန် ၃၁၇၂၄၇၉ (၆ ဒသမ ၃) ရာခိုင်နှုန်း၊ အစ္စလာမ် ၁၁၄၇၄၉၅ (၂ ဒသမ ၃ )ရာခိုင်နှုန်း၊ ဟိန္ဒူ ၂၅၂၇၆၃ (သုည ဒသမ ၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ ၄၀၈၀၄၅ (သုည ဒသမ ၈)ရာခိုင်နှုန်း၊ အခြားဘာသာ ကိုးကွယ်သူ ၈၂၈၂၅ (သုည ဒသမ ၂)ရာခိုင်နှုန်း၊ မည်သည့်ဘာသာမျှ မကိုးကွယ်သူ ၃၀၈၄၄ (သုည ဒသမ ၁) ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်များအတွင်း စာရင်းမကောက်ယူနိုင်သောဒေသ၌ ခန့်မှန်းလူဦးရေ ၁၂၀၆၃၅၃ ရှိရာ ယင်းစာရင်းများကို ထည့်သွင်း၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းထုတ်ပြန်သည့် ခန့်မှန်းလူဦးရေ ၅၁၄၈၆၂၅၃ ဦးကို အခြေခံတွက်ချက်ရာတွင် ဗုဒ္ဓဘာသာ ၈၇ ဒသမ ၉ ရာခိုင်နှုန်း၊ ခရစ်ယာန် ၆ ဒသမ ၂ ရာခိုင်နှုန်း၊ အစ္စလာမ် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဟိန္ဒူ ၀ ဒသမ ၅ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ သုည ဒသမ ၈ ရာခိုင်နှုန်း၊ အခြားဘာသာကိုးကွယ်သူ သုည ဒသမ ၂ ရာခိုင်နှုန်း၊ မည်သည့်ဘာသာမျှမကိုးကွယ်သူ သုည ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာအသီးသီးမှ ခေါင်းဆောင်များနှင့် ဘာသာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃၄)အား စီရင်ချက်(အမိန့်) ချမှတ်

**နေပြည်တော် ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဦးခင်မောင်ငွေးအပေါ် ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်အောင်က လျှောက်ထားခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူသည် ဆန္ဒမဲအများဆုံးရရှိ၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၈၇၊ ၈၈ တို့အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃၄/၂၀၁၅) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံကြားနာခဲ့သည်။

အဆိုပါအမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ဆက်လက်စစ်ဆေးကြားနာပြီးနောက် ရခိုင်ပြည်နယ် အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးခင်မောင်ငွေးအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက်တွင် ဆုံးဖြတ်ပြီး လျှောက်ထားသူဦးတင်အောင်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ကြောင်းနှင့် လျှောက်ထားခံရသူ ဦးခင်မောင်ငွေးအား တရားစရိတ် နှစ်သိန်းကျပ်ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်ခဲ့သော အာဇာနည်ဗိမာန်သို့ ဂါရဝပြုသူ ၁၂၀၀၀၀ ကျော်ရှိ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအပြီးနောက်ပိုင်း ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်သို့ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ လာရာက်ဂါရဝပြုသူ ရဟန်းရှင်လူပြည်သူ တစ်သိန်းနှစ်သောင်းကျော်ရှိပြီး (နောက်ဆုံးရက်)ယနေ့ထိ လာရောက်ဆဲရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန တာဝန်ရှိသူက ယခုနှစ်ကျင်းပပြီးစီးခဲ့သည့် အာဇာနည်နေ့သည် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

အရပ်သားအစိုးရသစ်၏ ရက်(၁၀၀)စီမံချက်အတွင်း ပြည်သူကိုဗဟိုပြုပြီး စဉ်းစားပုံဖော်မှုများကလည်း သမိုင်းစာမျက်နှာအသစ် ဖွင့်လှစ်လိုက်သလို ပြည်သူအများခံစားပြီး လာရောက်ကြခြင်းဖြစ်ကြောင်း၊ ယခုနှစ်မှာ ပုံဖော်ပြုလုပ်ထူးခြားချက်များက နှစ်ရှည်လများမေးမှိန်ပြီး သမားရိုးကျအတွေးများမဟုတ်ဘဲ သမိုင်းအမွေအနှစ်များကို စဉ်ဆက်မပြတ် လက်ဆင့်ကမ်းတန်ဖိုးထားတတ်သော လူငယ်လူရွယ်များ၏ စိတ်ထဲစွဲမြဲစွာ ကျန်ရစ်စေရန်အတွက် ယခုလို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် အာဇာနည်ဗိမာန်နှင့် ဝေးကွာနေသူအချို့တို့အားပြန်လည် အမှတ်ရစေရန် အာဇာနည်ကိုးဦး၏ မော်ကွန်းကမ္ပည်းရေးထိုးထားသည့် အုတ်ဂူငယ်များပြုလုပ်ထားမှု၊ ဗိမာန်အစွန်ထိပ်ရှိ ကြယ်အား အပေါက်ဖောက်ပြီး ကြွေလွင့်သော ကြယ်ပုံသဏ္ဌာန်ပုံဖော်ထားမှု၊ အာဇာနည်များ၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သော သမိုင်းမှတ်တိုင် GRAPHIC BOARD တို့ကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ပြင်ဆင်ပြသမှုတို့ကြောင့် ယခုနှစ် ဇူလိုင် ၁၉ ရက်နေ့ တစ်ရက်တည်းမှာပင် လူပေါင်း ၁၁၆၈၀၀ ကျော်လာရောက်ဂါရဝပြု ကြည့်ရှုလေ့လာသူများရှိကြောင်း၊ လာရောက်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရန် အသုတ်လိုက်ခွဲ၍ တစ်သုတ်ကို လူ ၅၀၀ စီခွဲပြီး ဝင်ခွင့်ပြုခဲ့ကြောင်း၊ ဒုတိယနေ့တွင် လူ ၂၈၀၀ ကျော်ရှိပြီး ယနေ့ နောက်ဆုံးနေ့ ဖွင့်လှစ်ချိန်မှစပြီး လာရောက်သူများပြားလျက်ရှိကြောင်း ပြောကြားသည်။

ယခင်နှစ်က အာဇာနည်နေ့အခမ်းအနားအပြီး လာရောက်ဂါရဝပြုသူ ၁၆၀၀၀ ကျော်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

**သတင်း-စောသိန်းဝင်း-ဓာတ်ပုံ-မင်းပိုင်ဖြိုး**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကွင်း ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် စစ်ကွင်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် စာနီစုအုပ်စု တာကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ဒုတိယပတ်က မြို့နယ်လျှပ်စစ်မှူး ဦးဝင်းဗိုလ် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများကဆောင်ရွက်ခဲ့ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မီးလင်းရေးကော်မတီအဖွဲ့ဝင်များနှင့် ရွာသူရွာသားများ တက်ရောက်ခဲ့သည်။ တက်ရောက်သူများအား လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်းသိရသည်။

**(၄၉၇)**

# ဥပဒေနှင့် ဥပဒေစိတ်ထား

## မောင်စာဂ

**ဥပဒေဟူသည်**

"ဥပဒေဟူသည်မှာဘာလဲ" ဟုမေးလာသည့်အခါတိုင်း "ဥပဒေဟူသည် စည်းကမ်းပဲပေါ့" ဆိုပြီး အများနားလည်အောင် လွယ်လွယ်ကူကူဖြေကြားမိသည်။ လူ့အသိုင်းအဝိုင်းတွင် စည်းကမ်းဟူသည် ရှိရမည်။ တစ်ဦးစီလိုက်နာရမည့် စည်းကမ်း၊ အိမ်ထောင်စုအလိုက် လိုက်နာရမည့်စည်းကမ်း၊ လူ့အသိုင်းအဝိုင်းတစ်ခုလုံး လိုက်နာရမည့် စည်းကမ်းဆိုတာရှိသည်။ စည်းကမ်းဆိုရာတွင် ဆောင်ရမည့်အချက်၊ ရှောင်ရမည့်အချက်များပါသည်။ စည်းကမ်းမရှိလျှင် အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဖြစ်မည်။ အိမ်ထောင်စုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု သာယာအောင်၊ အေးချမ်းအောင် စည်းကမ်းက ထိန်းချုပ်ထားသည်။ စည်းကမ်းကိုလေးစားရမည်။ လိုက်နာရမည်။တန်ဖိုးထားရမည်။

ဥပဒေသည်လည်း ဤနည်းအတိုင်းပင်။ လူ့အဖွဲ့အစည်းတစ်ခုသာယာအောင်၊ အေးချမ်းအောင်၊ တည်ငြိမ်အောင် ဥပဒေဖြင့် ထိန်းချုပ်ထားသည်။ ဥပဒေတွင် ဆောင်ရန်အချက်များ၊ ရှောင်ရန်အချက်များပါသည်။ ပြုလုပ်ရမည့်အချက်များ၊ မပြုလုပ်ရဟု တားမြစ်ထားချက်များ ပါသည်။ တားမြစ်ချက်များကို မလိုက်နာဖောက်ဖျက်လျှင် အပြစ်ပေးအရေးယူသည့်အပိုင်းပါသည်။ ဥပဒေစိုးမိုးလျှင် လူ့အဖွဲ့အစည်း သာယာမည်။ အေးချမ်းမည်။ တည်ငြိမ်မည်။ ဥပဒေစိုးမိုးမှုမရှိလျှင် အကွပ်မဲ့သည့်ကြမ်းပမာ ပရမ်းပတာဖြစ်မည်။ သာယာမှုမရှိ၊ အေးချမ်းမှုမရ။ တည်ငြိမ်မှုပျက်ပြားမည်။ ထို့ကြောင့် ဥပဒေကို လေးစားရမည်။ လိုက်နာရမည်။ တန်ဖိုးထားရမည်။

**စည်းကမ်းနှင့်ဥပဒေကွာခြားခြင်း**

စည်းကမ်းနှင့် ဥပဒေတို့၏ အဓိက ကွာခြားချက်က စည်းကမ်းဖောက်ဖျက်လျှင် လူ့အဖွဲ့အစည်း၏ ကဲ့ရဲ့ရှုတ်ချမှုခံရမည်။ လူ့အသိုင်းအဝိုင်း၏ ဖယ်ကြဉ်မှုခံရမည်။ လေးစားမှုဆုံးရှုံးမည်။ ဥပဒေကို ဖောက်ဖျက်လျှင်မူကား အရေးယူခံရမည်။ တရားစွဲခြင်းခံရမည်။ ငွေဒဏ်၊ ထောင်ဒဏ်၊ သေဒဏ်စသည်ဖြင့် အပြစ်ပေးခံရမည်။ ဥပဒေသည် စည်းကမ်းထက်ပို၍ စည်းနှောင်အားရှိသည်။ စည်းကမ်းတစ်ခုကို စည်းကမ်းအဖြစ် သတ်မှတ်ထားချက်ထက် ပို၍ စည်းနှောင်အားရှိဖို့ လိုအပ်လာလျှင် ဥပဒေအဖြစ်သတ်မှတ်ပြဋ္ဌာန်းသည်။ ထိုနည်းတူ ကျင့်ဝတ်များ၊ ဓလေ့ထုံးတမ်းများကိုလည်း ဥပဒေကဲ့သို့ စည်းနှောင်အားရှိစေရန် လိုအပ်သည့်အခါ ဥပဒေအဖြစ် သတ်မှတ်ပြဋ္ဌာန်းသည်။

**ဒိုင်းသဖွယ်၊ ဓားသဖွယ် အသုံးပြုနိုင်သည့် အစွမ်းသတ္တိ**

ဥပဒေသည် ဒိုင်းသဖွယ်၊ ဓားသဖွယ် အသုံးပြုနိုင်သည့် အစွမ်းသတ္တိရှိသည်။ မိမိအပေါ် သူတစ်ဦးက မဟုတ်မမှန် မတရားစွပ်စွဲလာလျှင် မိမိအတွက် ဥပဒေက ဒိုင်းသဖွယ် အကာအကွယ်ပြုနိုင်သည်။

မိမိအားသူတစ်ပါးက ထိခိုက်နစ်နာမှုဖြစ်အောင် ကျူးလွန်လာလျှင် ထိုကျူးလွန်သူကို မိမိက ဓားသဖွယ် ကျင့်သုံးနိုင်သည်။

**ကြည်လင်သည့် ဂုဏ်သတ္တိ**

ဥပဒေသည် ကြည်လင်သည့် ဂုဏ်သတ္တိရှိသည်။ ဥပဒေကို ကြည့်သူက မျက်မှန်စိမ်းတပ်၍ ကြည့်လျှင် ကြည်လင်ခြင်းကို မတွေ့ရှိရ။ တပ်၍ကြည့်သည့် မျက်မှန်စိမ်းအတိုင်းမြင်ရမည်။ ဥပဒေကို ကြည့်သူက ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိဆိုသည့် အဂတိတရားလေးပါးအနက် တစ်ပါးပါးနှင့်ကြည့်မိရင် ကြည်လင်မှုကိုမရ။ နောက်ကျိသွားရသည်။ အမှန်တော့ ဥပဒေက ကြည်လင်နေသည်။ ကြည့်မြင်ပုံ၊ ကြည့်မြင်နည်းမမှန်ကန်၍ဖြစ်သည်။

**အေးမြသည့်အရိပ်အသွင်**

ဥပဒေ၏အရိပ်သည် သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်များဖြင့် ဝေဆာနေသော အေးမြသည့် သစ်ပင်၏အရိပ်နှင့်တူ၏။ အေးမြသည့်အသွင်ကို ဆောင်၏။ သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်တို့ကို ချိုးဖျက်သူများကြောင့် သစ်ပင်၏အရိပ်သည် ပျက်ရသကဲ့သို့ ဥပဒေကို ဖောက်ဖျက်ကြလျှင်၊ ဥပဒေကို မှန်မှန်ကန်ကန် မကျင့်သုံးကြလျှင် အေးမြသည့် ဥပဒေ၏အရိပ်သည် ပျက်ရသည်။ ဥပဒေ၏အရိပ်ကို ခိုလှုံခွင့်ရရှိနိုင်ကြမည်မဟုတ်။

**မယိမ်းမယိုင် ကျောက်စာတိုင်ပမာ**

ဥပဒေသည် ယိမ်းယိုင်ခြင်းမရှိ။ ကျောက်စာတိုင်ပမာ မြဲခိုင်စွာတည်၏။ ဥပဒေကို မလိုတစ်မျိုးလိုတစ်မျိုး လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို ဆွဲယူကျင့်သုံးခြင်းကြောင့်သာ ဥပဒေကို မျှော့ကြိုးသဖွယ် သမုတ်ခံရ၏။

> **ဥပဒေပညာတတ်ကျွမ်း သိရှိသော်လည်း ဥပဒေစိတ်ထားမရှိလျှင် မည်သည့်အခါမျှ ဥပဒေပညာရှင်ဖြစ်မလာနိုင်။ ဥပဒေပညာတတ်ကျွမ်းသိရှိခြင်းမရှိသော်လည်းဥပဒေစိတ်ထားရှိလျှင် ထိုသူသည် ဥပဒေပညာရှင်ဖြစ်နိုင်ပါသည်။ ဥပဒေပညာတတ်ကျွမ်းသော်လည်း ဥပဒေစိတ်ထားမရှိသူသည် ဥပဒေပညာကို ရှင်သန်အောင်စွမ်းဆောင်နိုင်မည် မဟုတ်ပေ။ ဥပဒေပညာကို မတတ်ကျွမ်းသော်လည်း ဥပဒေစိတ်ထားရှိသောသူသည် ဥပဒေကို ရှင်သန်အောင် ပြုလုပ်နိုင်စွမ်းရှိကြပေမည်။ သို့ဆိုရာ ဥပဒေပညာရှင်တစ်ဦးဖြစ်ဖို့ ဥပဒေစိတ်ထားခြင်းက အဓိကဖြစ်နေပေသည်။**

**သိမ်မွေ့ခြင်းအသွင်လက္ခဏာ**

ဥပဒေသည် သိမ်မွေ့ခြင်းအသွင်လက္ခဏာဆောင်၏။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော သူတစ်ဦးအား အပြစ်ကျူးလွန်ကြောင်း အဆုံးအဖြတ်မပြုသေးသမျှ ကာလပတ်လုံး အပြစ်ကျူးလွန်သူဟူ၍ ခေါ်ဆိုသမုတ်ခြင်းကို ခွင့်မပြု။ ပြစ်မှုကျူးလွန်ကြောင်း သက်သေတင်ပြရန် တာဝန်ကို ယေဘုယျအားဖြင့် စွပ်စွဲသူတရားလိုအပေါ်တွင် အစဉ်အမြဲ ထားရှိသည်။ အပြစ်ကျူးလွန်သူတရားခံ ၁၀ ယောက် အမှုမှ လွတ်ရင်လွတ်သွားပါစေ။ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကို အပြစ်မပေးမိစေဖို့ အမြဲဦးတည်သည်။

**ခက်ထန်မာကျောခြင်းအသွင်လက္ခဏာ**

ဥပဒေသည် ခက်ထန်မာကျောခြင်း အသွင်လက္ခဏာဆောင်၏။ မင်းမှုထမ်း၊ ဝန်ကြီး၊ ဝန်ကလေး၊ အစိုးရအရာရှိအရာခံ၊ သူဌေးသူကြွယ်၊ ကုန်သည်၊ ပွဲစား၊ လယ်သမား၊ ယာသမား၊ ဆင်းရဲသားမကျန် အားလုံးပေါ် မည်သူ့ကိုမျှ မျက်နှာသာမပေး၊ ဘက်လိုက်မှုမရှိ၊ ခွဲခြားခြင်းမရှိ၊ သံယောဇဉ်မထား။ မားမားမတ်မတ်ရပ်တည်၏။ သို့ရာတွင် အချို့သော ဥပဒေကိုင်တွယ်ကျင့်သုံးသူတို့၏ ပြုမူဆောင်ရွက်ချက်ကြောင့်သာ "ငွေများတရားနိုင်"ဟူသော ဥပဒေစကားပေါ်ထွက်လာရ၏။ "ရာဇဝတ်ဘေး ပြေးမလွတ်" ဆိုသော ဥပဒေ၏ပင်ရင်းစကားနေရာတွင် "ရာဇဝတ်ဘေးပြေးလွတ်" ဟူသော ဥပဒေစကားအသစ်က အစားထိုးလာ၏။

**အကျင့်သိက္ခာနှင့်ပြည့်စုံခြင်း**

ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသောပညာဖြစ်သည်။ ဤဥပဒေစကားသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ဆောင်ပုဒ် ဖြစ်သည်။ ဤဆောင်ပုဒ်သည် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ တရားစွဲအဖွဲ့အစည်းများသာမက လူတိုင်းလူတိုင်း ဦးထိပ်ထားရမည့်ဆောင်ပုဒ်တစ်ခုဖြစ်သည်။ ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသောပညာဖြစ်သကဲ့သို့ ဥပဒေကို ကိုင်တွယ်ကျင့်သုံးနေကြသူများသည်လည်း အကျင့်သိက္ခာနှင့်ပြည့်စုံကြသူများဖြစ်ကြရန် လိုအပ်သည်။ ဥပဒေကို ကိုင်တွယ်ကျင့်သုံးနေကြသူများက အကျင့်သိက္ခာနှင့် ပြည့်စုံကြသူများဖြစ်နေပါလျှင် ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်ဟူသော ဆောင်ပုဒ်သည် အမြဲဝင့်ထည်၊ ဝင့်ကြွားနေမည်ဖြစ်ပေသည်။

**တည်ကြည်ခြင်းအသွင်လက္ခဏာ**

ဥပဒေသည် အရည်အသွေး အသွင်အပြင်ပြောင်းလဲခြင်းမရှိ။ တည်ကြည်ခြင်း၊ တည်ငြိမ်ခြင်းနှင့် တည်တံ့ခြင်းဆိုသည့် အသွင်လက္ခဏာကို ဆောင်၏။ ထို့ကြောင့်ပင် ဥပဒေကို ကိုင်တွယ်ကျင့်သုံးနေကြသည့် ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများသည် အနက်ရောင်တိုက်ပုံအင်္ကျီ၊ အပေါ်ဖုံးအင်္ကျီတို့ကို ဝတ်ဆင်ကြရသည်။ အနက်ရောင်ဟူသည်ကား မည်သည့်အရောင်ကာလာ"ဆိုး"စေကာမူ "ဆိုး"လို့မရ။ အစွန်းအထင်းမထင်။ ပကတိအနက်ရောင်အတိုင်း တည်ကြည်မြဲဖြစ်သည်။ ဤဂုဏ်သတ္တိ စွမ်းအင်ကိုနှလုံးမူလျက် မိမိတို့၏ အကျင့်သိက္ခာကိုလည်း မည်သို့ပင် အရောင်လာဆိုးစေကာမူ အစွန်းအထင်း ထင်ဟပ်ခံရခြင်း မရှိကြစေဘဲ အကျင့်သိက္ခာနှင့်ပြည့်စုံသော ဥပဒေပညာ၏ဂုဏ်ကို ထာဝစဉ်မြှင့်တင်နေကြအပ်သည်။

**သစ္စာရှိခြင်းအသွင်လက္ခဏာ**

ဥပဒေသည် သစ္စာရှိခြင်းအသွင်လက္ခဏာဆောင်၏။ သစ္စာအရာ၌တည်၏။ တရားမျှတမှုကို အလိုရှိသောသူသည် မိမိကိုယ်တိုင်က မှန်ကန်ရမည်။ သန့်ရှင်းရမည်။ သန့်ရှင်းသောလက်ဖြင့်လာရမည်။ သို့မှသာ ဥပဒေ၏တရားမျှတမှု၊ မှန်ကန်မှုကို ရယူနိုင်ပေမည်။ မိမိကိုယ်တိုင်က မှန်ကန်ခြင်းမရှိ၊ သန့်ရှင်းမှုမရှိ၊ မသန့်ရှင်းသောလက်များဖြင့်လာလျှင် ဥပဒေ၏တရားမျှတမှု၊ မှန်ကန်မှုကို ရယူနိုင်မည်မဟုတ်ပေ။

**ဥပဒေစိတ်ထားဟူသည်**

ဥပဒေစိတ်ထားဟူသည်ကား ရဲရင့်၏။ တည်ကြည်၏။ ရိုးသားဖြောင့်မတ်၏။ မှန်ကန်မျှတမှုကိုလိုလား၏။ တရားသဖြင့်ဖြစ်စေမှုကိုအလေးထား၏။ အညီအမျှဖြစ်စေမှုကို မြတ်နိုး၏။ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်မှုကို တန်ဖိုးထား၏။ ဘက်လိုက်မှု၊ ခွဲခြားမှုကို ရွံမုန်းရှာ၏။ မတရားမှု၊ မမှန်ကန်မှု ပြုရမည်ကို ရှက်၏။ ကြောက်၏။ ဤသည်တို့ကား ဥပဒေစိတ်ထား၏ အခြေခံများဖြစ်ပေတော့သည်။

**ဥပဒေစိတ်ထားရှိကြဖို့လိုအပ်ခြင်း**

လူတိုင်း လူတိုင်းသည် ထိုသို့သော ဥပဒေစိတ်ထားမျိုး ရှိဖို့လိုအပ်သည်။ ဥပဒေစိတ်ထားရှိဖို့ဆိုလျှင် လေ့ကျင့်ရမည်။ သင်ယူရမည်။ ဥပဒေအသိပညာ၊ ဗဟုသုတများပေးရမည်။ ဥပဒေ၏ ပင်ကိုသဘောတရားများကို သိနားလည်မှ ဥပဒေစိတ်ထားများထားတတ်ကြမည်။ ဥပဒေစိတ်ထားများ ထားတတ်ကြပါမှ ဥပဒေကို လေးစားလိုက်နာတတ်ကြပေမည်။ ဥပဒေနှင့် ဥပဒေစိတ်ထား၊ ဥပဒေစိတ်ထားနှင့် ဥပဒေခွဲခြား၍မရစကောင်း၊ ထပ်တူထပ်မျှ ဒွန်တွဲရှိနေရပေမည်။

**ဥပဒေပညာရှင်ဟူသည်**

ဥပဒေပညာရှင်ဟူသည် အဘယ်နည်းဟုမေးလာလျှင် ဥပဒေပညာကို ရှင်သန်အောင်ပြုလုပ်သော သူသည်သာ ဥပဒေပညာရှင်ဟု ခေါ်ဆိုထိုက်ပေသည်။ ဥပဒေပညာကို ဖျက်ဆီးသော၊ သတ်ဖြတ်သော၊ အကျိုးယုတ်အောင်ပြုသော၊ ဥပဒေ၏ ဥပဓိရုပ်သွင်ပြင်လက္ခဏာများကို ပျက်ယွင်းစေသော၊ ချည့်နဲ့စေသော၊ အားပျော့စေသော စသည့် အပြုအမူများကို ပြုသောသူသည် ဥပဒေပညာရှင်တစ်ဦးဖြစ်မလာနိုင်ပေ။ ထိုသူတို့အား ဥပဒေပညာရှင်ဟု မခေါ်ဆိုထိုက်ပေ။

ဥပဒေပညာရှင်တစ်ဦးဖြစ်ဖို့ဆိုလျှင် ဥပဒေပညာတတ်ကျွမ်းသိရှိရုံနှင့် မပြီးပါ။ ဥပဒေစိတ်ထားရှိဖို့က အဓိကဖြစ်သည်။ ဥပဒေစိတ်ထားရှိမှ ဥပဒေပညာရှင်တစ်ဦးဖြစ်လာနိုင်သည်။ ဥပဒေပညာတတ်ကျွမ်း သိရှိသော်လည်း ဥပဒေစိတ်ထားမရှိလျှင် မည်သည့်အခါမျှ ဥပဒေပညာရှင်ဖြစ်မလာနိုင်။ ဥပဒေပညာ တတ်ကျွမ်းသိရှိခြင်းမရှိသော်လည်း ဥပဒေစိတ်ထားရှိလျှင် ထိုသူသည် ဥပဒေပညာရှင်ဖြစ်နိုင်ပါသည်။ ဥပဒေပညာတတ်ကျွမ်းသော်လည်း ဥပဒေစိတ်ထားမရှိသူသည် ဥပဒေပညာကို ရှင်သန်အောင်စွမ်းဆောင်နိုင်မည် မဟုတ်ပေ။ ဥပဒေပညာကို မတတ်ကျွမ်းသော်လည်း ဥပဒေစိတ်ထားရှိသောသူသည် ဥပဒေကို ရှင်သန်အောင် ပြုလုပ်နိုင်စွမ်းရှိကြပေမည်။ သို့ဆိုရာ ဥပဒေပညာရှင်တစ်ဦးဖြစ်ဖို့ ဥပဒေစိတ်ထားခြင်းက အဓိကဖြစ်နေပေသည်။

**ပြည်သူကြားမှ ပြောပြနေသောဥပဒေစကားများ**

ဥပဒေဟူသည့်စကားနှင့်ပတ်သက်ပြီး ပြည်သူတွေကြားထဲမှာ လက်ဖက်ရည်ဆိုင်၊ ဂေါက်ကွင်း စသည်တို့မှာ စကားမစပ်ပြောမိကြလျှင် ဤသို့ဤနယ်ပြောတတ်၊ ဆိုတတ်ကြသည်။

"ဥပဒေဆိုတာ နှစ်မျိုးပဲရှိတယ်။ လိုတစ်မျိုး၊ မလိုတစ်မျိုးပေါ့"၊ "ခုတစ်မျိုး၊ တော်ကြာတစ်မျိုးပေါ့။ လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို ဆွဲပြီး အသုံးပြုနိုင်တဲ့ မျှော့ကြိုးပေါ့"၊ "ဥပဒေဆိုတာ ဥပဒေပါပဲ။ နောက်ဆုံးတော့ ဥပဒေက မည်သို့ပင်ဆိုစေကာမူဆိုတာနဲ့ ပြီးသွားရတာပေါ့"၊ "ဥပဒေဆိုတာ အားကိုးစရာမဟုတ်၊ ငွေကသာ အားကိုးစရာ။ ငွေများတရားနိုင် မဟုတ်လားပေါ့"၊ "ရာဇဝတ်ဘေး ပြေးမလွတ်တဲ့။ ငွေပေးရင်တော့ ရာဇဝတ်ဘေးပြေးလွတ်ပေါ့"၊ "ကြားဖူးတာက တရားကိုနတ်စောင့်တဲ့။ အခုတော့ တရားကို ငွေကစောင့်နေတယ်ပေါ့"၊ "ဥပဒေဆိုတာ ပုဒ်မ ၄ ပါပဲ။ ပုဒ်မ ၄ ဆိုတာ ပေးမှလုပ်တာပေါ့"၊ "တရားမှန်ရဖို့ဆိုတာ နတ်တင်ရမယ်။ နတ်မတင်ရင် မရဘူး။ နတ်တင်တယ်ဆိုတာ နင်တတ်ကိုပြောတာ။ နင်တတ်ရင်ရမယ်။ နင်မတတ်ရင်မရဘူးပေါ့"၊ "အမှုဖြစ်ပြီဆိုရင် ရေလောင်းပြီးပြီလား အမေးအမြန်းခံရတယ်။ ရေလောင်းပြီးပြီလားဆိုတာ ငွေပေးပြီးပြီလားလို့ မေးတာပေါ့တဲ့"၊ "ဥပဒေ၊ ဥပဒေနဲ့ ပြောပြောနေတာ နောက်ဆုံးတော့ ဥပဒေဆိုတာ လက်တစ်လုံးခြားပေါ့"၊ "ဥပဒေစကားလာမပြောနဲ့။ ဥပဒေကိုကြောက်လွန်းလို့။ ဥပဒေနောက်ထပ်လည်း မတိုးလိုက်ပါနဲ့။ သူ့အမေကြောက်တတ်တဲ့ အမျိုးပါဗျလို့သာ ဟစ်ချလိုက်ချင်ပေါ့"။

စသည်စသည် ပြောမှုဆိုမှုတွေ များစွာရှိနေသည်။ ထင်ထင်ရှားရှား မှတ်သားမိသည်တို့ကိုသာ ဖော်ပြပေးခြင်းဖြစ်သည်။ ဤစကားရပ်တို့သည် မဟုတ်မမှန် လုပ်ကြံဖန်တီးပြီး ပြောဆိုကြခြင်း မဟုတ်ပေ။ ပြည်သူတွေကြားထဲမှာ အမှန်တကယ်တွေ့ခဲ့ကြုံခဲ့ဆုံခဲ့ရပြီး အမှန်တကယ်ပြုမူ ဆောင်ရွက်ခဲ့ရသည့် ဖြစ်ရပ်များအပေါ် အခြေခံကာ ပေါ်ပေါက်လာရသည့်စကားရပ်မည်သာဖြစ်ပေသည်။ မိမိတို့ မကြားခဲ့ဖူးသော အသစ်အဆန်း ဇန်စကားများကိုပါ ကြားလာရသည်။

**ဤစကားရပ်များ ဘာကြောင့်ပေါ်ပေါက်လာရသနည်း**

ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် ဆိုင်ရာဆိုင်ရာ ဌာနအသီးသီးတို့မှ တာဝန်ရှိသူအချို့ အချို့(တစ်နည်းအားဖြင့်အများစု) တို့က ဥပဒေစိတ်ထား မထားနိုင်ခြင်းတို့ကြောင့်ဟု ဆိုရပေမည်။ ပြည်သူတွေအကြား ဤကဲ့သို့သောစကားရပ်မျိုးမပြောမဆိုနိုင်အောင်ဆောင်ရွက်ကြဖို့ အချိန်ရောက်နေပေပြီ။ အစိုးရသစ်ကလည်း အဂတိ လိုက်စားမှုများကင်းစင်ပပျောက်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပေသည်။ ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရသည့် တာဝန်ရှိသူအသီးသီးတို့သည် ဥပဒေပညာသင်ယူ၍ တတ်ကျွမ်းခဲ့သူများပါဝင်သကဲ့သို့ ဥပဒေပညာကို မသင်ခဲ့ရသူတွေလည်း ပါဝင်နိုင်သည်။ ဥပဒေပညာတတ်ခြင်း၊ မတတ်ခြင်းသည် အဓိကမဟုတ်၊ ဥပဒေစိတ်ထားရှိခြင်း၊ ဥပဒေစိတ်ထားများမွေးမြူထားတတ်ခြင်းတို့သည်သာ အဓိကဖြစ်သည်။ ဥပဒေစိတ်ထားများထားပေးကြပါ။ တရားဥပဒေ၏ဂုဏ်ဒြပ်ကိုမြှင့်တင်ပေးကြပါဟုတိုက်တွန်းပါရစေ။

**ယုံကြည်မျှော်လင့်ချက်**

ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေကြရသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် အဖွဲ့အသီးသီး၏ အဆင့်ဆင့် တာဝန်ရှိသူများသည် အထူးအားဖြင့် ဥပဒေစိတ်ထားရှိကြဖို့လိုအပ်သည်။ ဥပဒေ၏ သဘောသဘာဝကို သိရှိထားကြရန်အရေးကြီးသည်။ သို့မှသာ တရားသဖြင့်ဖြစ်စေသည့် ဥပဒေများ၊ မှန်ကန်မျှတသည့် ဥပဒေများ၊ ဘက်လိုက်ခွဲခြားမှုမရှိသည့် ဥပဒေများ၊ ပြည်သူတွေကိုရှေးရှုသည့်ဥပဒေများ၊ ပြည်သူတွေလိုက်နာကျင့်သုံးနိုင်သည့်ဥပဒေများ၊ နိုင်ငံတော်သာယာရေး၊ အေးချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည်စသည်တရားသောဥပဒေများ ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ထိုသို့သော ဥပဒေများနှင့်အညီ ဥပဒေစိတ်ထားများထားရှိကြကာ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ကြခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအုပ်ချုပ်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ထိုသို့သော ဥပဒေများနှင့်အညီ ဥပဒေစိတ်ထားများထားရှိကြကာ တရားစီရင် အဆုံးအဖြတ်ပေးကြခြင်းဖြင့် တည့်မတ်မှန်ကန်သော တရားစီရင်ရေးမဏ္ဍိုင် ဖြစ်ထွန်းလာပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်းပါဗျာ။ ။

# သင်ပြမှုပုံစံ မလိုဘူးတဲ့လား

## လင်း(ပညာရေး)

**-ဆရာမတို့ ကိုယ့်ကလေးကို ဘယ်အတိုင်း အတာအထိရောက်အောင် သင်ကြသလဲ။**
**-တတ်အောင် သင်တာပေါ့ဆရာ။**
**-တော်အောင်သင်တယ်။**
**-အသုံးချနိုင်တဲ့အထိ သင်တယ်ဆရာ။**

ဟုတ်ပါတယ်။ ဆရာ ဆရာမတိုင်းက ကိုယ့်ကလေးကို တတ်အောင်၊ တော်အောင်၊ ထူးချွန်ထက်မြက်အောင် သင်ကြစမြဲပါ။ သို့သော် ထိုသို့သင်သည့်အခါတွင် ပဲ့ကိုင်မပါသည့် လှေလိုမျိုး ဦးတည်ရာမဲ့ ပရမ်းပတာ သင်ချင်သလို သင်၍ မရသည်ကိုလည်း အားလုံးသိကြပါတယ်။ ထိုသို့ သိနေလျက်နှင့် သင်နည်းမှတ်စုရေးရသည်ကို ဒုက္ခတစ်ခုကဲ့သို့ ခံစားရပြီး ဆရာတွေ သင်နည်းမှတ်စုရေးနေရတာနှင့် သင်ကြားရေးမှာထိခိုက်သည်ဟု အော်ဟစ်ကာ မရေးကြဖို့ တောင်းဆိုသူတွေရဲ့ သင်္ကြန်အမြောက်သံများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် နေ့စဉ်ဖတ်နေ၊ တွေ့နေရပါတယ်။ ပညာရေးသဘောတရားများကို မသိသော ပြင်ပကလူများ ပြောကြ၊ ဆိုကြတာကို မဝေဖန်လိုပါ။ သို့သော်လည်း ပညာရေးထဲက အထူးသဖြင့် သင်ကြားရေးက ဆရာဆရာမများကိုယ်တိုင်က ပြောဆိုထောက်ခံနေကြသည်ကို တွေ့ရသဖြင့် အံ့သြမိ၏။ သူတို့ကိုယ်တိုင်က တကယ်မသိလို့လား တွေးမိပါတယ်။

အဲဒီတော့. .

**-ဘယ်လောက်တတ်အောင် သင်ပါသလဲ၊ အမှတ် ၁၀၀ ရဖို့ပဲလား။**
**-ဘယ်လောက်တော်အောင် သင်ပါသလဲ။ အတန်းထဲမှာ အဆင့်တစ်ရဖို့ပဲလား။**
**-ဘယ်လောက်အသုံးချနိုင်အောင် သင်ပါသလဲ။ ပေးထားတဲ့ပုစ္ဆာမှာ အစားသွင်း တွက်တတ်ရုံပဲလားဟု မေးစရာရှိလာပါတယ်။ အများစုကတော့ ထိုအတိုင်းဖြစ်နေတာ တွေ့ရပါတယ်။**

ဤနေရာတွင် ပညာရေးစနစ်၊ စီမံခန့်ခွဲမှုများနှင့် အခြားအကြောင်းအရာများကို မပြောလိုပါ။ သင်ကြားရေးအပိုင်းကနေပဲ ကြည့်ပါမည်။

နဂိုရှိရင်းစွဲ အသိသညာကနေ ထပ်တိုးသိသွားစေရန် သင်ခန်းစာထဲတွင်ပါသည့် အချက်အလက်များကို အထောက်အထားပြုပြီး အသိပညာအဖြစ် ထပ်မံတိုးချဲ့ပေးရာတွင် တပည့်အနေဖြင့် နည်းစနစ်မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် သိရှိသွားအောင် ဆရာက ဘေးကနေ ကူညီပေးရပါတယ်။ ဒါဟာ သင်ကြားခြင်းပါပဲ။ ကလေးရဲ့ အသက်အရွယ်၊ အတန်းအလိုက် သိသင့်သိထိုက်သည်များကို ရွေးချယ်ပြုစုထားသည့် သင်ခန်းစာများထဲမှ အချက်အလက်များကို ကလေးကို ပေးရပါတယ်။ ထိုသို့ပေးသည့်အခါတွင် မသင်မီကတည်းက သင်ပြီးသွားလျှင် ဘာရသွားမည်ဆိုသည့် ရည်ရွယ်ချက်ကို ချမှတ်ရပါတယ်။ ရည်ရွယ်ချက်ချရာမှာလည်း ကလေးသိဖို့က မည်မျှ၊ စိတ်ထဲမှာ စွဲမြဲခံယူသွားဖို့က မည်သို့၊ အပြုအမူအလေ့အကျင့်ဖြစ်သွားဖို့က မည်ပုံဆိုပြီး ခွဲခြားသိမြင်ရပါမယ်။ မသိမဖြစ်သိသွားရမယ့်အချက်၊ ထပ်ဆောင်းသိရမယ့်အချက်၊ သိလျှင်လည်းပိုကောင်းသည်၊ မသိလျှင်လည်း ရှိစေဆိုသည့်အချက်များ သင်ခန်းစာထဲတွင် ပါဝင်နေပါတယ်။ ယင်းအချက်များကို သိရန်မှာ ကိုယ်သင်ကြားရမယ့်သင်ခန်းစာကို သေသေချာချာကြေညက်အောင် ဖတ်ဖို့လိုပါတယ်။

**-ဆရာ ဆရာမတို့ စာမဖတ်ကြဘူးလား၊ စာဖတ်ကြပါဆိုတော့**
**-သင်ရ၊ မေးခွန်းထုတ်ရ၊ စာစစ်ရ၊ အမှတ်စာရင်းသွင်းရနဲ့ ဘယ်လာဖတ်နိုင်ပါ့မလဲတဲ့။ တော်ပေသေးသည်။ လက်ကိုင်ဖုန်းလေးတော့ ပွတ်ချိန်ရသေးလို့ . . ။**

ဟုတ်ပါတယ်။ မဖတ်နိုင်တာမှ ပြဋ္ဌာန်းစာအုပ်၏ အမှာစာကိုပင် မဖတ်ဖြစ်ကြပါ။ အခြားပြင်ပစာများကို မဖတ်နိုင်လျှင်တောင် ကိုယ်သင်ကြားရမည့် သင်ခန်းစာလောက်ကိုတော့ ဖတ်နိုင်ရပါမယ်။ ဒါကိုတော့ မဖတ်လို့လည်းမရပါ။ သင်ရမည့် သင်ခန်းစာကို ထပ်ခါထပ်ခါဖတ်ပါမှ ဆိုလိုချက်ကို ကိုယ်တိုင်နားလည် သဘောပေါက်ပြီး ကလေးကိုပေးရမည့် အချက်အလက်များကို ရလာပါမယ်။ ထိုအချက်များကို အခြေခံပြီး ရည်ရွယ်ချက်ချ၊ မည်သို့သင်မည်ဆိုသည်ကို သင်ပြမှုပုံစံ ရေးရပါတော့မယ်။

ဤနေရာတွင် သင်နည်းမှတ်ချက် (Teaching notes) နှင့် သင်ခန်းစာမှတ်စု (Notes of lesson) ကို ကွဲကွဲပြားပြားသိဖို့တော့ လိုပါတယ်။ သင်ခန်းစာမှတ်စုဆိုသည်မှာ သင်ပြရမည့် အချက်အလက်များကို ထုတ်နုတ်ထားသည့် အချက်အလက်အစုအဝေးဖြစ်ပြီး သင်နည်းမှတ်ချက်ဆိုသည်မှာ မည်သို့သင်ပေးရမည်ကို လျာထားစီစဉ်ထားသည့် စီမံချက် (Plan of teaching procedure) သဘောဖြစ်သည်။ သင်ပြမှုပုံစံဟုလည်း ခေါ်ကြသည်။ သင်နည်းမှတ်ချက်ပြုစုလျှင် သင်ခန်းစာမှတ်စုလည်း ပါဝင်ပြီးဖြစ်ပါတယ်။ သင်နည်းမှတ်ချက်ကိုရေးတဲ့အခါ ရည်ရွယ်ချက် (Objectives)၊ အကြောင်းအရာ (Content)၊ သင်ပြနည်း (Method and media)၊ စစ်ဆေးအကဲဖြတ်ခြင်း (Evaluation) အစီအစဉ်အတိုင်း ရေးသားရပါတယ်။

ရည်ရွယ်ချက်မချမီ ဆရာများ ကြိုတင်စဉ်းစားထားရမှာက သိရုံသက်သက်ပဲသင်မှာလား။ ကျွမ်းကျင်မှုကို သင်မှာလား။ နှစ်မျိုးစလုံးကို သင်မှာလားဆိုတာကိုတော့ ခွဲခြားရပါမယ်။ သင်ပြမှုလုပ်ငန်းစဉ်များ ချရေးရာမှာ ပေးလိုသည့် အချက်အလက်များကို တပည့်တို့ နားလည်လက်ခံလာအောင် မည်သို့သင်ကြားမည်ကို နည်းနာရွေးချယ်ရပါမယ်။ ကိုယ်ပေးလိုတဲ့ ဥပမာကိုလည်း တစ်ပါတည်း ထည့်ရေးသင့်ပါတယ်။ သင်ခန်းစာတစ်ခုမှာ အကြောင်းအရာ အချက်အလက်များ များစွာပါဝင်နေတတ်ပါတယ်။ ယင်းတို့အထဲမှာ ရှေ့ဆက်သင်ခန်းစာအတွက်၊ ရှေ့အတန်းအတွက်၊ ကလေးရဲ့ စိတ်နေစိတ်ထား၊ အပြုအမူပြောင်းလဲသွားအောင် ကိုယ်ချမှတ်ထားသည့် ရည်ရွယ်ချက်ပေါက်မြောက်သွားဖို့ ကလေးဗဟိုပြုနည်းဖြင့်ဖြစ်စေ၊ ဆရာဗဟိုပြုနည်းဖြင့်ဖြစ်စေ သင်ခန်းစာကို ချဉ်းကပ်ပြီး သင်ပြနည်းမျိုးစုံသုံးကာ အသိပညာကို ထပ်မံတိုးချဲ့ပေးရပါတယ်။ သင်ပြနည်းသည် ဆရာအားလုံးအတွက် ထပ်တူမဖြစ်နိုင်ပါ။ သင်ပြနည်းဟာ ဆရာတစ်ဦးချင်း၏ ကိုယ်ပိုင်ဉစ္စာဖြစ်သည်ကိုတော့ သတိချပ်သင့်သည်။ အဓိကအချက်က ရည်ရွယ်သည်ကိုသာသင်ဖို့ ဖြစ်ပါတယ်။

အဆိုပါ လုပ်ငန်းစဉ်များကို စိတ်ကူးတည့်သလို လျှောက်လုပ်၍မရပါ။ လုပ်ငန်းစဉ်ကို အစီအစဉ်အတိုင်း စနစ်တကျရေးဆွဲပြီးမှ တစ်ဆင့်ချင်းစီ သွားရပါတယ်။ အသေအချာစီစဉ်ရေးဆွဲထားသည့်တိုင် ရည်ရွယ်ချက်နှင့် လွဲချော်သွားသည့် သာဓကများရှိနေပါတယ်။ သင်ပြမှုပုံစံ စနစ်ကျပြည့်စုံလျှင် ပြည့်စုံသလောက် ဆရာရဲ့သင်ကြားရေးမှာ များစွာအထောက်အပံ့ဖြစ်ပါတယ်။ ဆရာအတတ်သင်တန်းတိုင်းမှာလည်း သင်ပြမှုပုံစံရေးရန် အထပ်ထပ်မှာကြားကြတယ်။ လုပ်ငန်းစဉ်များကို စနစ်တကျစီစဉ်ရေးဆွဲခြင်းမပြုဘဲ သင်ကြားပေးလိုက်ပါက ကလေးအနေဖြင့် ရသင့်ရထိုက်၊ သိသင့်သိထိုက်သည့် အချက်အလက်များ၊ စိတ်နေစိတ်ထားများ၊ ပြောင်းလဲသင့်သည့် အပြုအမူများကို နည်းမှန်လမ်းမှန် ရရှိမသွားတော့ပါ။ စာဖတ်တတ်၊ ရေးတတ်သဖြင့် စာအုပ်ထဲမှစာများကို ဖတ်ရှုပြီးပြန်ချရေးနိုင်တဲ့ သိရုံသက်သက်အဆင့်ဖြင့်သာ ပြီးဆုံးသွားတဲ့အတွက် ကိုယ်က ကလေးကို အလွတ်ကျက်မှတ်တဲ့ ဘဝထဲသို့ တွန်းပို့လိုက်ခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် သင်ပြမှုပုံစံကို စနစ်တကျ ရေးကြစေချင်ပါတယ်။

**သင်ခန်းစာတစ်ခုကို သင်ကြားရာမှာ မသိမဖြစ်အချက်တွေကိုသာ ရွေးချယ်သင်ပြပေးရမှာမဟုတ်ဘဲ အဲဒီအချက်တွေကို အလေးထားပြီး သင်ပေးဖို့ဖြစ်ပါတယ်။ ဘယ်နေရာမှာ ဖိသင်ရမယ်။ ဘယ်နေရာကတော့ ဖော့သင်ရမယ်ဆိုတာကတော့ ဆရာ့အတတ်ပညာပါပဲ။ သတိပြုဖို့က ဘာသာရပ်ကို ဘယ်လောက်ပဲကျွမ်းကျင်ပါစေ သင်ရိုးကို ခွဲခြမ်းစိတ်ဖြာမသုံးသပ်တတ်ပါက ဆရာ့အတတ်ပညာ ချို့ငဲ့နေဦးမှာ ဖြစ်ပါတယ်။**

ဒီလိုပုံစံမျိုးရေးသားခြင်းဟာ သင်ကြားရေးတစ်ခုတည်းမှာသာ မဟုတ်ပါ။ ရုပ်ရှင်ဇာတ်ကား တစ်ကားကိုပဲ ရိုက်ရိုက်၊ ပြဇာတ်တစ်ပုဒ် တင်ဆက်တာဖြစ်ဖြစ်၊ သီချင်းတစ်ပုဒ်ကို သရုပ်ဖော်တာကနေ သဘာဝဖြစ်စဉ်ကို မှတ်တမ်းရိုက်တာအထိ ဇာတ်ညွှန်းရေးဖို့လိုပါတယ်။ ဇာတ်ညွှန်းမရှိရင် ဒါရိုက်တာဟာ သူပေးချင်တဲ့ ရည်ရွယ်ချက်ကို ပရိသတ်ရင်ထဲရောက်အောင် စနစ်တကျမပို့နိုင်ပါဘူး။ ဇာတ်လမ်းကို သေသေချာချာ ဖတ်ရှုပြီးတဲ့နောက် ဒါရိုက်တာက အဲဒီဇာတ်လမ်းအတွက် စနစ်တကျ ပြည့်ပြည့်စုံစုံရေးထားတဲ့ ဇာတ်ညွှန်းကိုကိုင်ပြီး ရိုက်တဲ့အခါမှာ ထွက်ရှိလာတဲ့ ဇာတ်ကားဟာ ပရိသတ်ရင်ထဲကို ထိုးဖောက်ဝင်သွားပြီး ပေးချင်တဲ့ရည်ရွယ်ချက်ကို တိတိကျကျပေးနိုင်တဲ့ ဇာတ်ကားကောင်းတစ်ကား ဖြစ်လာပါတယ်။

သင်ကြားရေးမှာလည်း တိတိကျကျပြည့်ပြည့်စုံစုံရေးထားတဲ့သင်ပြမှုပုံစံဟာ ရည်ရွယ်ထားတဲ့အတိုင်း ကလေးဆီကို အကြောင်းအရာတွေ မှန်မှန်ကန်ကန် ရောက်သွားအောင် ပို့ဆောင်ပေးနိုင်ပါတယ်။ ဒီနေရာမှာ ကွာဟမှုတော့ရှိပါတယ်။ ဒါရိုက်တာရဲ့ ညွှန်ကြားချက်အတိုင်း လုပ်ရတဲ့သရုပ်ဆောင်ရဲ့ အပြုအမူတွေကတော့ ဇာတ်ကားထဲမှာပဲ ဟန်ဆောင်ပြောင်းလဲသွားတာပါ။ ဆရာက ကလေးကို ရည်ရွယ်ချက်ရှိရှိ ညွှန်ကြားလိုက်တဲ့ အပြုအမူပြောင်းလဲမှုကတော့ ကလေးရဲ့ ဘဝတစ်လျှောက်လုံးမှာ ပင်ကိုစရိုက်အဖြစ် ထာဝရပြောင်းလဲ သွားစေဖို့ပါ။ ဒါကြောင့် ဆရာတွေက ပိုတာဝန်ကြီးမားပါတယ်။

ကိုယ်စီစဉ်ရေးဆွဲထားတဲ့အတိုင်း သင်ခန်းစာရည်ရွယ်ချက် ပေါက်မြောက်အောင် သင်ကြားရာမှာ ကလေးနဲ့ဆရာအကြား အပြန်အလှန်တုံ့ပြန်မှုတွေ ရှိလာပါတယ်။ ပေးလိုတဲ့အသိသညာ(အသိကြမ်း)ကို ကလေးက သတိပြုလက်ခံသွားအောင်၊ နားလည်မှုနှင့် တုံ့ပြန်လာအောင် သင်ပြနည်းမျိုးစုံသုံးပြီး လမ်းညွှန်တည့်မတ်(သင်ကြား) ပေးရပါတယ်။ အဲဒီအချိန်အခိုက်အတန့်မှာ နှုတ်မေး၊ နှုတ်ဖြေမေးခွန်းများမေးခြင်းသည် သင်ကြားပေးခြင်းဖြစ်ပြီး ကလေးက မေးခွန်းများပြန်လှန်မေးမြန်းခြင်းဟာ သင်ယူနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကလေးကို မေးခွန်းတွေ မေးခွင့်ပေးရပါမယ်။ ဆရာကလည်း သင်ရိုးဘောင်အတွင်းကနေ စဉ်းစားတွေးခေါ်ပြီး ဖြေရတဲ့ မေးခွန်းတွေ မေးပေးရပါမယ်။

သင်ခန်းစာတစ်ခုကို သင်ကြားရာမှာ မသိမဖြစ်အချက်တွေကိုသာ ရွေးချယ်သင်ပြပေးရမှာ မဟုတ်ဘဲ အဲဒီအချက်တွေကို အလေးထားပြီး သင်ပေးဖို့ဖြစ်ပါတယ်။ ဘယ်နေရာမှာ ဖိသင်ရမယ်။ ဘယ်နေရာကတော့ ဖော့သင်ရမယ်ဆိုတာကတော့ ဆရာ့အတတ်ပညာပါပဲ။ သတိပြုဖို့က ဘာသာရပ်ကို ဘယ်လောက်ပဲကျွမ်းကျင်ပါစေ သင်ရိုးကို ခွဲခြမ်းစိတ်ဖြာမသုံးသပ်တတ်ပါက ဆရာ့အတတ်ပညာ ချို့ငဲ့နေဦးမှာဖြစ်ပါတယ်။ မသိမဖြစ်အချက်များနှင့်အတူ ထပ်ဆောင်းသိစေရမည့် အချက်တွေကိုလည်း သင်ပေးရမှာပါ။ အဲဒီအချက်အလက်တွေကိုတော့ သင်ခန်းစာနှင့် ဆက်နွယ်နေသော ရည်ညွှန်းစာအုပ်များမှာ ရှာဖွေယူရပါမယ်။ ဥပမာအားဖြင့်တော့ ဗေဒါရီသီချင်းကို တီးခဲ့လို့ ဗေဒါမောင်လေးလို့ အမည်တွင်လာတာ။ သချ်ာမှာ ထုထည်အကြောင်းသင်နေရင်းက သစ်တန်တွက်နည်းကို ဆင့်ပွားသင်ကြားပေးလိုက်တာမျိုးတွေပါ။

သင်ပြမှုပုံစံကို စနစ်တကျရေးသားပြီး ကိုယ်ပေးချင်တဲ့ သင်ခန်းစာရည်ရွယ်ချက်နဲ့အတူ ဆင့်ပွားသိသွားစေချင်တဲ့ အချက်အလက်တွေကိုပါ တစ်ပါတည်းထည့်သွင်း သင်ကြားပို့ချပေးလိုက်မယ်ဆိုလျှင်တော့. . .

**တတ်အောင်သင်လိုက်တာ၊**
**တော်အောင်သင်လိုက်တာ၊**
**အသုံးချနိုင်အောင်သင်လိုက်တာလို့**
**ရဲရဲတင်းတင်း အာမခံနိုင်ပါလိမ့်မယ်။**

ဒါကြောင့် ဆရာ ဆရာမများအနေဖြင့် ရည်ရွယ်တာကို သင်နိုင်ဖို့အတွက် သင်ပြမှုပုံစံကို မဖြစ်မနေရေးသားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# ပုံနှိပ်လုပ်ငန်းအပါအဝင် ဆက်စပ်လုပ်ငန်းများနှင့် ပတ်သက်သော ထိုင်း-မြန်မာစီးပွားရေးဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ DIPT ၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်း နိုင်ငံ ဂရပ်ဖစ်လက်မှုပညာပံ့ပိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအသင်း (GASMA) မှ အသင်းဝင် ၂၀ ခန့်သည် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) နှင့်တကွ ဆက်စပ်လုပ်ငန်း ညီနောင်အသင်းဝင်လုပ်ငန်းရှင်များနှင့် တစ်ရက်တာစီးပွားရေးဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ “Printing business matching between Thailand and Myanmar & GASMA PRINT 2016 Roadshow” ဆွေးနွေးပွဲ၌ ပုံနှိပ်လုပ်ငန်းသုံး ရော်ဘာဒလိမ့်တုံးများ၊ ပလိတ်ပြားနှင့် ဆေး/မင် အမျိုးမျိုး၊ ဖြတ်ညှပ်ကပ်စက်များ၊ ဖောင်းကြွရော်ဘာတံဆိပ်တုံးနှင့် မိုလ်များ၊ စာရွက်သားအမျိုးမျိုး၊ ပရင်တာ၊ ပုံနှိပ်စက်များနှင့် အပိုပစ္စည်းမျိုးစုံထုတ်လုပ်ဖြန့်ချိကြသော ထိုင်းလုပ်ငန်းရှင်များမှ လာရောက်ကြမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်ကြခြင်းဖြင့် ထိုင်းနိုင်ငံမှ ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်သော ဝန်ဆောင်မှု၊ ထုတ်လုပ်မှုစံချိန်စံညွှန်းတို့အပြင် ပုံနှိပ်လုပ်ငန်း၏ နောက်ဆုံးပေါ် နည်းပညာရပ်များအား တစ်ပြိုင်တည်း သိရှိလေ့လာနိုင်ကြမည်ဖြစ် သည်။

ထို့ပြင် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ပြုလုပ်မည့် GASMA PRINT 2016 ပြပွဲအတွက်လည်း မိတ်ဆက်ဖိတ်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် တက်ရောက် ဆွေးနွေးလိုပါက မိမိ၏ business name card ဖြင့် အမည်စာရင်းသွင်းကာ တစ်ပါတည်း ဝင်ရောက်ဆွေးနွေးနိုင်ကြကြောင်းနှင့် အသေးစိတ်စုံစမ်းလိုပါက TTF(Yangon) ကုမ္ပဏီလီမိတက် ဖုန်း ၀၁-၃၉၂၅၇၉နှင့် ၀၁-၃၉၂၅၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

❑



**အထပ်မြင့်အိမ်ရာမှ**

ယခင်အစိုးရ၏မူဝါဒလက်ထက်က မြေ ခြံမူဝါဒများအရ ရွှေတိဂုံဘုရား၏ တစ်မိုင်ပတ်လည်နှင့် ရှေးဟောင်းယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ လွတ်ကင်းသည့် နေရာနှင့်လွတ်ကင်းပြီဆိုလျှင် အထပ်မြင့်ဆောက်လုပ်၍ရကြောင်း၊ အထပ်မြင့်အဆောက်အအုံဆောက်လုပ်မည့်ရှေ့မျက်နှာစာရှိ လမ်းမအကျယ်ကို ပေ ၂၀ နှင့် လမ်းအကျဉ်းဆိုလျှင် ၁၂ ပေ နောက်ဆုတ်ပြီး ဆောက်လုပ်၍ရကြောင်း၊ ထို့နောက် ရွှေတိဂုံဘုရား၏ Level 417 ကို မကျော်အောင်သာ ဆောက်လုပ်ရကြောင်းဖြင့် အဆိုပါမူဝါဒများသာရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းကကျင့်သုံးခဲ့သော Road Building Ratio မူဝါဒမှာ လမ်းအကျယ်၏နှစ်ဆဆောက်လုပ်၍ရကြောင်း၊ ထိုစဉ်အခါက မကျင့်သုံးခဲ့သောမူဝါဒများကို ယခုအချိန်တွင်ကျင့်သုံးနေသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အခက်အခဲဖြစ်နေရကြောင်း၊ အထပ်မြင့်အဆောက်အအုံဆောက်လုပ်စဉ် အထပ်များလျှော့ချခံရသည့်အတွက် ကြိုပွဲဝယ်ယူထားကြသူများနှင့် စာချုပ်စာတမ်းများဆောင်ရွက်ထားရခြင်းကြောင့် တရားစွဲမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲဖြစ်စေပြီး ဆုံးရှုံးမှုများဖြစ်စေကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

အထပ်မြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးသန်းနိုင်က "အဓိကကတော့ ကျွန်တော်တို့ဆောက်လုပ်မယ့် အထပ်မြင့်အဆောက်အအုံတွေကို စည်းကမ်းမဲ့ မဆောက်လုပ်ပါဘူးဆိုတာ ပြည်သူတွေသိစေဖို့အတွက် ပြောကြားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နစ်နာဆုံးရှုံးမှုတွေအတွက်လည်း သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြတောင်းဆိုသွားဖို့ရှိပါတယ်"ဟု ပြောသည်။

"အဓိကတော့ အကုန်လုံးစည်းလုံးညီညွတ်ကြဖို့ လိုပါလိမ့်မယ်။ ကျွန်တော်တို့က အစိုးရနဲ့အတူပူးပေါင်းပြီး ရန်ကုန်မြို့တော်ကို တည်ဆောက်ချင်တာပါ။ ဒီအထပ်မြင့်ဆောက်လုပ်တယ်ဆိုတာကလည်း မြို့တော်ကိုဖျက်ဆီးတာမဟုတ်ပါဘူး"ဟု ၎င်းကဆိုသည်။

အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက "အထပ်မြင့်အဆောက်အအုံ စတင်ဆောက်လုပ်ပြီဆိုရင် လုံလောက်တဲ့ယာဉ်ရပ်နားဖို့ကားပါကင်က ရှိနေတဲ့ လူနေအိမ်ခန်းစာတင်မကဘဲ လာရောက်လည်ပတ်ကြမယ့် ဧည့်သည်တွေအတွက်ပါ ၂၀ ရာခိုင်နှုန်း ထည့်ပေါင်းပြီးဆောက်လုပ်ရတာပါ။

"အရင်မူဝါဒအတိုင်းပြန်စိစစ်ပေးစေချင်ပါတယ်။ အဲဒီမှာမှ ကိုက်ညီမှုမရှိဘူးဆိုရင်စိစစ်ပြီးအရေးယူပါ။ လက်ခံပါတယ်။ တကယ်တမ်းတော့ Save the Yangon ဆိုတာ Save the Business ပါ။ စီးပွားရေးလုပ်ငန်းတွေကို မကယ်တင်ဘဲ ရန်ကုန်မြို့ကို ကယ်တင်လို့ရမှာမဟုတ်ပါဘူး။ စီမံကိန်းတစ်ခုကို အမေရိကန်ဒေါ်လာ ၁၀ သန်းနဲ့တွက်ချက်ပြီး ဆုံးရှုံးရမယ်ဆိုရင် ရပ်ဆိုင်းထားခံရတဲ့ စီမံကိန်း ၂၀၀ ကျော်အတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ဆုံးရှုံးရပါလိမ့်မယ်။ အဲဒါဟာ နိုင်ငံတစ်ခုရဲ့စီးပွားရေးကို အများကြီးနစ်နာဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေပါတယ်"ဟု ဆိုသည်။

လက်ရှိအနေအထားအရ အထပ်မြင့်အဆောက်အအုံစီမံကိန်းများ ရပ်ဆိုင်းခံထားရသော လုပ်ငန်းရှင်ဦးရေမှာ များပြားကြောင်းနှင့် ၎င်းတို့၏ အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် အလုပ်သမားများမှာ ဆောက်လုပ်ရေးမှလွဲပြီး အခြားအလုပ်များကို မလုပ်ကိုင်တတ်သည့်အတွက် ၎င်းတို့၏အလုပ်အကိုင်အခွင့်အလမ်းများအတွက် စိုးရိမ်စရာရှိနေကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

■

# ရန်ကုန်မြို့ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာချက်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့တွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေခြင်းကို ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ အဆောက်အအုံများ ဆောက်လုပ်မှုစိစစ်ရေးကော်မတီဖွဲ့စည်းပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန် စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစိစစ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီး ဆောက်လုပ်ဆဲဖြစ်သော အဆောက်အအုံ ၆၄ လုံးကို ပထမအဆင့် စိစစ်ခဲ့ပါသည်။ အဆိုပါအဆောက်အအုံ ၆၄ လုံးတွင် ခွင့်ပြုချက်နှင့်ကိုက်ညီစွာ ဆောင်ရွက်နေသော အဆောက်အအုံ ၅၂ လုံးကို ဆက်လက်ဆောက်လုပ်ခွင့်ပြုခြင်း၊ ခွင့်ပြုချက်၊ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသေးသော အဆောက်အအုံ ၁၂ လုံးအား စည်းကမ်းဘောင်အတွင်းတွင် ဆက်လက်ဆောက်လုပ်နိုင်ရေး၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်းတို့ကို ဇူလိုင် ၂ ရက်တွင်ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၆)တွင်ဆုံးဖြတ်ကာ သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ အကြောင်းကြားခဲ့သည်။

မူအားဖြင့် ခွင့်ပြုချက်ရရှိပြီး ဆောက်လုပ်ခွင့်ပြုမိန့်မရရှိသေးသော မြေသားလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံ ၅၁ လုံးကို သတ်မှတ်ချက်နှင့်ကိုက်ညီသော ဆောက်လုပ်မှုဖြစ်စေရေး စိစစ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် ၁၉ လုံးစိစစ်ပြီးဖြစ်ပါသည်။ ကျန် ၃၂ လုံးကို ဇူလိုင် ၂၅ ရက်တွင် အပြီးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မူအားဖြင့် ခွင့်ပြုချက်ရရှိထားပြီး လုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးသော အဆောက်အအုံ ၁၀၇ လုံးမှာ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြလျှောက်ထားနိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။

**(ကြေးမုံ)**



# ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင် ၃၅၇ ဦး မိုးရာသီလေ့ကျင့်ရေးခရီးကြမ်း ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၁**

တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းနာယက မြန်မာစာဌာန တွဲဖက်ပါမောက္ခ (ငြိမ်း) ဆရာဦးမျိုးသန့် ဦးဆောင်၍ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်နည်းပညာတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ဆေးဝါးတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သန်လျင် သမဝါယမတက္ကသိုလ်၊ ဖောင်ကြီး သမဝါယမကောလိပ်၊ မအူပင်တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့မှ အုပ်ချုပ်သူ ဆရာ ဆရာမ ၁၇ ဦးနှင့် ကျောင်းသားဟောင်း မျိုးဆက်သစ်အဖွဲ့ဝင် ၃၅၇ ဦးတို့ပါဝင်သော မိုးရာသီခရီးကြမ်း လေ့ကျင့်ရေးအဖွဲ့သည် ဇူလိုင် ၁၆ ရက်မှ ၁၉ ရက်အထိ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိ ဝေပုလ္လ၊ ကေလာသ တောင်တန်းတစ်လျှောက်သို့ လေ့ကျင့်ရေးခရီးကြမ်း ထွက်ခွာခဲ့သည်။

တောင်တက်အဖွဲ့သည် ရောက်ရှိရာ တောင်စဉ်တောင်တန်းတစ်လျှောက်ရှိ တောရကျောင်းများသို့ ဝင်ရောက်၍ ဝါဆိုသင်္ကန်း၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူခြင်း၊ ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ အပြန်ခရီးတွင် တောင်စွန်းကျေးရွာ ဓမ္မဝိဝေကဝါသီ ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တိက္ခ၏စီစဉ်ပေးမှုဖြင့် တောင်စွန်းအကျဉ်းစခန်းရှိ အကျဉ်းသား ၁၂၀ အား အဖွဲ့ဝင်ဆရာဝန်များနှင့် သူနာပြုအဖွဲ့က ဝင်ရောက်ဆေးကုသပေးခဲ့သည်။ ဤဒေသသို့ ခြေလျင်နှင့် တောင်တက်အဖွဲ့အနေဖြင့် ၁၉၉၇ ခုနှစ်မှစ၍ ခြေလျင်ခရီးကြမ်းထွက်ရင်း ဝါဆိုသင်္ကန်း ကပ်လှူခြင်းနှင့် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်တွင် အကြိမ်(၂၀)မြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးသည်အသင်းကထွက်ခွာသည့် ခြေလျင်တောင်တက်လေ့ကျင့်မှုခရီးစဉ်တစ်လျှောက်တွင် လိုက်ပါသူအဖွဲ့ဝင်အများဆုံး ခရီးဖြစ်သည့်အပြင် တောင်စွန်းအကျဉ်းစခန်းရှိ အကျဉ်းသားများကို ပထမဦးဆုံးအကြိမ်ဆေးဝါးကုသပေးခဲ့သည့် ခရီးလည်းဖြစ်သည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-တေဇဝင်း (သဘာဝခေါ်သံ)**

# ဧရာဝတီမြစ်(မန္တလေး)ဂေါဝိန်ဆိပ်ကမ်းတွင် မိုးလေဝသ စောင့်ကြည့်ဘွိုင် (Weather Station Buoy)တပ်ဆင်

**မန္တလေး ဇူလိုင် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ PENTAIR Environment System တို့ပူးပေါင်း၍ မိုးလေဝသစောင့်ကြည့်ဘွိုင် (Weather Station Buoy)ကို ဧရာဝတီမြစ်(မန္တလေး) ဂေါဝိန်ဆိပ်ကမ်းတွင် ဇူလိုင် ၁၇ ရက် က တပ်ဆင်ထားကြောင်း သိရသည်။



"ဘွိုင်မှာ Weather Sensor ကတစ်ဆင့် Real Time (အချိန်နဲ့အမျှ) Data Information တွေကို Website တင်ပေးနေမယ်။ အဲဒီအချက်အလက်တွေနဲ့ Analysis လုပ်ပြီး မိုးလေဝသနဲ့ ရေကြောင်းဆိုင်ရာ ထူးခြားဖြစ်စဉ်တွေရှိလာရင် ပြည်သူကို ကြိုတင်အသိပေးနိုင်မှာပါ"ဟု Component -3 ဒါရိုက်တာ ဦးအောင်မျိုးခိုင်က ပြောသည်။

ယင်းကိရိယာမှ လေတိုက်နှုန်းနှင့်လေ၏ လားရာဘက်တိုင်းတာခြင်း၊ Barometricpressure တိုင်းတာခြင်း၊ ဖြစ်ပေါ်နေသည့် အပူချိန်အမျိုးမျိုး စသည့်ရာသီဥတုနှင့်သက်ဆိုင်သည့် တိုင်းတာမှု ၁၀ မျိုးလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ တိုင်းတာမှု Data များကို အင်တာနက်မှတစ်ဆင့် Website သို့ပို့ပေးမည်ဖြစ်ပြီး အဆိုပါ Website ကို Installation ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"Website Installation ပြီးသွားရင် အချက်အလက်တွေ ကြည့်နိုင်ပြီ။ ရန်ကုန်မြစ်ထဲမှာ ဇူလိုင် ၁၈ ရက်မှာ Buoy တစ်ခုထားမယ်။ အဲဒီမှာက Weather Sensor အပြင် ရန်ကုန်မြစ်ရေညစ်ညမ်းမှု၊ ရေမှာအောက်ဆီဂျင် ပျော်ဝင်မှု၊ ရေနောက်ကျိမှု စတာတွေတိုင်းတာမယ့် Physical Barometer ပါတယ်။ မန္တလေး Buoy မှာ Weather Sensor တစ်ခုပဲပါတာပါ" ဟု ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံအတွက် ယင်းကုမ္ပဏီမှ လှူဒါန်းရာတွင် ဧရာဝတီမြစ် (မန္တလေးဆိပ်ကမ်းတွင်) Weather Station Buoy တစ်ခု၊ အင်းဝ (စစ်ကိုင်းတံတား)တွင် ဧရာဝတီမြစ် ရေစီးနှုန်းနှင့် ရေမျက်နှာပြင်အမြင့် (Water Level) တိုင်းတာသည့် ရေဒါနှင့် ရန်ကုန်မြစ်အတွင်း၌ Weather Sensor နှင့် Water Quality တိုင်းတာစက်တို့ပါရှိသည့် Buoy တစ်ခုအပါအဝင် စုစုပေါင်း သုံးခုဖြစ်သည်။ **(အောင်ရဲသွင်)**

**○ ကျောဖုံးမှ**

ယခုနှစ်ဆန်းပိုင်းကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး နယ်သာလန်လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ်ဟောင်း ရော်ဂျာရိုင်နာကို နည်းပြအဖြစ် ခန့်အပ်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး အပြီးသတ်ကစားသမား ၂၃ ဦးကို ပြိုင်ပွဲနီးမှ ရွေးချယ်မည်ဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် သုံးကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် လက်ခံကျင်းပခဲ့ဖူးသည်။ ယခင်အကြိမ်များက ရန်ကုန်မြို့တွင် ကျင်းပခဲ့သော်လည်း ယခုအကြိမ်တွင် မန္တလေးမြို့၌ ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအနေဖြင့် ယင်းပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယဆုသုံးကြိမ် ရယူကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းနောက်တွင် ဗီယက်နမ်အသင်းက ချန်ပီယံနှစ်ကြိမ်၊ ဒုတိယနှစ်ကြိမ်၊ တတိယလေးကြိမ်၊ ထိုင်းအသင်းက ချန်ပီယံနှစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ တတိယသုံးကြိမ်၊ ဩစတြေးလျအသင်းက ချန်ပီယံတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် ရရှိထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ချန်ပီယံဆုကို ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းလုပ်ဆောင်နေ

ဇေယျာ(မိုင်ရာ)

မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် British American Tobacco(BAT) မြန်မာက ပူးပေါင်းလုပ်ဆောင်နေကြောင်း British American Tobacco ၏ Sustainability Report 2015 စစ်တမ်း၏ ဖော်ပြချက်အရ သိရသည်။

တရားမဝင် ကုန်သွယ်ခြင်းသည် ကမ္ဘာတစ်ဝန်းကြီးထွားလျက်ရှိရာ အဓိကပြဿနာကြီးတစ်ခုအဖြစ် တည်ရှိလျက်ရှိသည်။ အခွန်ရှောင်ခြင်း၊ အခွန်လျှော့ပြခြင်း၊ အတုထုတ်လုပ်ခြင်း၊ မှောင်ခိုတင်သွင်းခြင်းတို့ကြောင့် အစိုးရအတွက် သိန်းပေါင်းများစွာသော အခွန်အခများ ဆုံးရှုံးနေရပြီး တရားဝင်အခွန်ဆောင်ထားသည့် ပြည်တွင်းလုပ်ငန်းစုများ နစ်နာလျက်ရှိကာ စားသုံးသူများအတွက်လည်း အန္တရာယ်ကြီးပြီး အရည်အသွေးမပြည့်မီသော ထုတ်ကုန်များကို သုံးစွဲနေကြရခြင်းများ ဖြစ်ပေါ်စေလျက်ရှိသည်။

နိုင်ငံတကာစစ်တမ်းများအရ ကမ္ဘာ့ဆေးလိပ်ရောင်းအား၏ ၁၂ ရာခိုင်နှုန်းသည် တရားမဝင်ရောင်းဝယ်မှုဖြစ်ကြောင်း သိရှိရသည်။ ဆေးလိပ်ရောင်းချရာတွင် ဥပဒေမဲ့ဖြစ်သော၊ အရည်အသွေးထိန်းချုပ်မှုမရှိသော၊ သောက်သုံးသူများအတွက် အန္တရာယ်ကြီးမားသော၊ နောက်ကွယ်တွင် ရာဇဝတ်မှုများရှိနေသော ထုတ်ကုန်များဖြစ်နေသည့်အပြင် အသက်မပြည့်သူများကိုပါ ရောင်းချနေမှုများ ရှိနေသည်ဟု စစ်တမ်းက ဆိုသည်။

အစိုးရများသည် အဆိုပါ တရားမဝင်ဈေးကွက်မှ နှစ်စဉ် စတာလင်ပေါင်သန်း ၃၀ ခန့် ဆုံးရှုံးလျက်ရှိပြီး တရားဝင်အခွန်ဆောင်ထားသော ပြည်တွင်းလုပ်ငန်းစုများအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။

အဆိုပါစိန်ခေါ်မှုနှင့် ပတ်သက်ပြီး BAT အနေဖြင့် အစိုးရအဖွဲ့များ၊ ဥပဒေရေးရာအဖွဲ့အစည်းများ၊ လုပ်ငန်းတူအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဥရောပကော်မရှင်နှင့် နှစ် ၂၀ ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားကာ ယူရိုငွေ သန်း ၁၄၀ ကို ထည့်သွင်းခဲ့ပြီးဖြစ်သည်။ နိုင်ငံဖြတ်ကျော် တရားမဝင်ကူးသန်းရောင်းဝယ်မှုများ တားဆီးရေး ပူးပေါင်း ဆောင်ရွက်ရန်အတွက်လည်း ကုလသမဂ္ဂနှင့် ၂၀၁၅ ခုနှစ်အတွင်းက သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြောင်း British American Tobacco ၏ Sustainability Report 2015 တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ တရားမဝင်မှောင်ခိုကူးသန်းရောင်းဝယ်မှုတွင် စီးကရက်များနှင့် အခြားဆေးရွက်ကြီးထွက် ပစ္စည်းများလည်း ပါဝင်လျက်ရှိရာ ဆေးရွက်ကြီးနှင့်ပြုလုပ်သည့် ကွမ်းစားဆေးများသည် ပြည်တွင်းတွင် နေရာအနှံ့ ကျယ်ကျယ်ပြန့်ပြန့်သုံးနေကြသည်ကို တွေ့ရသည်။ ယင်းနှင့် စပ်လျဉ်း၍ British American Tobacco(BAT) မြန်မာက မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်ကစပြီး နှစ်နှစ်တာကာလအတွင်း နိုင်ငံတကာစံနှုန်းများနှင့်အညီ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး ပြုလုပ်နိုင်ခဲ့ပြီး အခွန်ငွေများကို ပြည့်ပြည့်ဝဝ ပေးဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်ဝင်ငွေကိုလည်း တိုးမြှင့်စေခဲ့ကြောင်း၊ ဆေးလိပ်ထုတ်ကုန်များ၊ တရားမဝင် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်ဆိုးရွားလှသည့် အကျိုးဆက်များကိုလည်း အသိအမြင်များရရှိအောင် လုပ်ဆောင်ခဲ့ကြောင်း British American Tobacco (BAT)မှ မန်နေဂျင်းဒါရိုက်တာ Rehan Baig ၏ ပြောကြားချက်အရ သိရသည်။




နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လာသော ကွမ်းစားဆေးများအားတွေ့ရစဉ်။



# ၁၀ နှစ်ခန့်ကောနေသည့် လယ်ဧက ၁၁၀ ကျော် ပြန်လည်ဖော်ဆောင်ပြီး စိုက်ပျိုးနိုင်တော့မည်

**မောက်မယ် ဇူလိုင် ၂၁**

ကျေးလက်နေပြည်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း၌ ၁၀ နှစ်ခန့် ကောနေသည့် လယ်ဧက ၁၁၀ ကျော်အား ပြန်လည်ဖော်ဆောင်ပြီး မိုးစပါးနှင့် နွေစပါးကို ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ရေသွယ်မြောင်းသဲနုန်းတူးခြင်းလုပ်ငန်းကို ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီအမီ ဆောင်ရွက် မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးအရာရှိ ဦးခွန်မြင့်ဇော်ထံမှ သိရသည်။

အဆိုပါ နားလင်းလယ်သည် နမ့်လှဆည်နှင့်ရေတံလျှောက် ပျက်စီးသည်နှင့်နှစ်ကာလကြာမြင့်ပြီး ရေလုံလောက်မှုမရှိသဖြင့် ကောသွားသည့်လယ်များဖြစ်ကြောင်း သိရသည်။ ယခုအခါ တူးမြောင်းအောက်ခြေ အနံ လေးပေ၊ အမြင့် ငါးပေ၊ အလျား ပေ ၆၄၀၀ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၂၂ သန်း ချမှတ်ဆောင်ရွက်ခွင့်ပေးပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး၍ ရေလုံလုံလောက်လောက်ရရှိပါက ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ဒေသခံလယ်ပိုင်ရှင်တောင်သူများကလည်း ဝမ်းသာပီတိဖြစ်နေကြောင်း ရွာသစ်ကျေးရွာနေ တောင်သူများထံမှ သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မိတ္ထီလာ ဇူလိုင် ၂၁**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

မော်တော်ယာဉ်မောင်းနှင်သည့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပိုမိုသိရှိနားလည်ပြီး စည်းကမ်းလိုက်နာကာ ယာဉ်မတော်တဆမှုများဖြစ်ပွားမှု လျှော့နည်းစေရေး၊ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုများဖြစ်ပွားခြင်းကို ယာဉ်မောင်းသူများ သိရှိနားလည်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဟောပြောတွင် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျှော့နည်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများဟောပြောခဲ့သည်။

ယင်းဟောပြောပွဲတွင် ဗဟိုဆက်သွယ်ရေးသင်တန်းကျောင်းမှ ဖွင့်လှစ်သည့် ပြင်ပယာဉ်မောင်းသင်တန်း အပတ်စဉ် (၂၀၉) (၂/၂၀၁၆)သို့ နိုင်ငံတစ်ဝန်းမှ တက်ရောက်နေကြသည့် သင်တန်းသား ၂၇၀ နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အခြေခံပန်းအလှပြုပြင်မှုသင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၁၆)ကို သင်တန်းသား ၅၀ ဖြင့် ဩဂုတ် ၈ ရက် မှ ၁၅ ရက်အထိ တစ်ပတ်ကြာဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ဂျပန်ပန်းအလှပြုပြင်နည်း (အီကေဘာနာ)၊ ရိုးရာပန်းအလှပြုပြင်နည်းများကို နေ့စဉ် မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း (တနင်္ဂနွေပိတ်ရက်မပါ) ပို့ချပေးမည်ဖြစ်ရာ သင်တန်းကြေး ကျပ် ၃၅၀၀၀ သတ်မှတ်ထားပြီး စိတ်ပါဝင်စားသူများသည် ဖုန်း ၀၉-၂၅၄၃၁၉၅၃၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြတ်စိုး(လှိုင်)**

၀

# အဆိပ်သီးကို မြိန်ရေယှက်ရေစားနေသော မြန်မာတို့

သန်းဦး (လေးမျက်နှာ)

**နေပြည်တော် ဇူလိုင် ၂၁**

တညင်းသီးသည် မြန်မာ့ရိုးရာ ဆေးပညာရှုထောင့်အရ ဓေးထန်းပျစ်ချွဲသော အာပေါအာဗန္ဓရ အစာဖြစ်သည်။ အာကာသကို ပျက်စီးစေသဖြင့် အပေါက်အခေါင်းများကို ပိတ်စေသည်။ အကယ်၍ တညင်းသီးကိုစားလျှင် အာကာသပွင့်စေသော အစာနှင့် တွဲဖက်စားသင့်သည်။ မစားပါက ပို၍သင့်တော်သည်။ အဘယ်ကြောင့်ဆိုသော် တညင်းသီးကို ကျွမ်းကျင်ပညာရှင်များက ဓာတ်ခွဲသုတေသနပြုလုပ်ကြည့်သောအခါ လူကိုအကျိုးပြုသော အာဟာရလုံးဝ မပါဝင်ကြောင်း သိရသည်။ အဓိက တညင်းသီးတွင်ပါဝင်သော ဖန်ချောင်း ကဲ့သို့သော ကလပ်စည်းများသည် ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။ ထို့ကြောင့် ၎င်းကို မစားသုံးသင့်သော အသီးဖြစ်သည်ဟု ဖော်ပြထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တညင်းသီးကို စားသုံးလာကြသည်မှာ နှစ်ပေါင်းအတော်ကြာနေပြီဖြစ်သည်။ ယခုလို မိုးရာသီတွင် တညင်းသီးများကလည်း ဈေးများတွင် အများအပြား ပေါများစွာ မြင်တွေ့နိုင်သည်။ မြန်မာတို့သည် တညင်းသီးကို ငါးပိရည် တို့စရာအဖြစ် ပြုတ်၍စားကြသလို တညင်းသီးကို မီးဖုတ်၍ အတို့အမြှုပ်အဖြစ် စားကြခြင်း၊ တညင်းသီးပြုတ်ကို ဆီ၊ ဆား၊



နှမ်းဖြူး၍စားကြခြင်း စသည်ဖြင့် နည်းမျိုးစုံပြုလုပ်၍ စားကြသည်။

ဤကဲ့သို့စားသုံးနေကြခြင်းမှာ အဆိပ်သီးကို မြိန်ရေယှက်ရေစားသုံးနေခြင်းနှင့် တူပေသည်။ တချို့ဆေးပညာနားလည်သူများက တညင်းသီးနှင့် ကွမ်းယာစားသုံးသူများကို ဘာမှအာဟာရမဖြစ်၊ အရည်မရအဖတ်မရ မစားသုံးသင့်ကြောင်း၊ ရောဂါကို ငွေနှင့်ပေးဝယ်နေခြင်းနှင့် တူပေသည်ဟု ပြောကြသည်။

တချို့ကလည်း တညင်းသီးကိုဆားရည်စိမ်၍ အတို့အမြှုပ်အဖြစ် ပြုလုပ်၍ စားကြပြန်သည်။ ထိုကဲ့သို့ ဆားရည်စိမ်ကို တညင်းသီးအနုများကိုသာ ပြုလုပ်လေ့ရှိသည်။ ဆားရည်စိမ်တညင်းသီးကိုစားခြင်းက အနည်းငယ်သက်သာစေသည်။ တညင်းသီးနုကိုခြမ်း၍ ဆားရည်စိမ်ထားခြင်းဖြင့် အာကာသပိတ်ခြင်း၊ ကျောက်ကပ်တွင် ဓေးဓာတ်ပိတ်ဆို့ခြင်းများမှ ကာကွယ်နိုင်သည်။

အကယ်၍ တညင်းသီးကိုတွေ့လျှင် မစားရမနေနိုင်ဖြစ်နေပါက အဖြေဓာတ်အနေဖြင့် ရှောက်ရွက်နှင့်ရော၍ တို့မြှုပ်စားခြင်းဖြင့်လည်းကောင်း၊ တညင်းသီးကို ပြုတ်လျှင် သကြားအနည်းငယ်နှင့် ရှောက်ရွက်ထည့်ပြုတ်ခြင်းဖြင့်လည်းကောင်း၊ ပိတ်သောအာကာသဓာတ်ကို ပြန်ပွင့်အောင် ကူညီနိုင်ကြောင်း မြန်မာ့တိုင်းရင်းဆေးဆရာများက ပြောသည်။

ထို့အပြင် တညင်းသီးကိုကြိုက်၍ များများစားမိလျှင်ဖြစ်စေ၊ တညင်းသီးအုန်းနို့ဆမ်း၊ တညင်းသီးနှမ်းထောင်းများများစားမိလျှင် စားပြီးပြီးချင်း သံပရာရည်တစ်ခွက်ကို သောက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် တညင်းသီးအဆိပ်မတက်စေရန် ဖြေဆေးအနေဖြင့် သောက်သင့်ခြင်းဖြစ်သည်။

အမှန်အားဖြင့် တညင်းသီးကို စားသုံးရန်မသင့်ကြောင်း ဆေးပညာကျွမ်းကျင်သူများက ဆိုကြသည်။ တညင်းသီးအလွန်အကျွံစားသုံးလျှင် ကျောက်ကပ်ပျက်စီး၍ လူ့အသက်ကို ထိခိုက်နိုင်သည်။ သို့ပါ၍ မြန်မာများ အဆိပ်သီးကို မြိန်ရေယှက်ရေစားသုံးခြင်းမှ ရှောင်ရှားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

## မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲကြီးအား မန္တလေးမြို့၌ ပထမဆုံးအကြိမ်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ၏ အိမ်ခြံမြေ ရောင်း၊ဝယ်၊ငှား ဝက်ဘ်ဆိုက်ဖြစ်သော iMyanmarHouse.com မှ ကြီးမှူး၍ ပထမဦးဆုံးအကြိမ် ကျင်းပမည့် မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီးအား မန္တလေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းပြပွဲကြီး၌ အိမ်ခြံမြေဆိုင်ရာ သိကောင်းစရာများကို လည်း အသိပညာရှင်၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်ကာ ဟောပြောပေးသွားမည်ဖြစ်ကြောင်း၊ ပွဲတက်ရောက်သူများကို ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ ဖုန်းများ၊ တက်ဘလက်များအပါအဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကိုလည်း ကံစမ်းမဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။



"မိုးရာသီ အရောင်းမြှင့်တင်နိုင်ဖို့နဲ့ မြန်မာပြည်အထက်ပိုင်းရှိ အိမ်ခြံမြေ လုပ်ငန်းရှင်တွေရဲ့ တောင်းဆိုချက်ကြောင့် မန္တလေးမြို့မှာ ပထမဆုံးအကြိမ် ကျင်းပဖြစ်တာပါ"ဟု iMyanmar House.com ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

"iMyanmar House.com က ကျင်းပတဲ့ပွဲဆိုရင် လူစည်ပြီး ရောင်းရပါတယ်"ဟု ပွဲတိုင်းပါဝင်နေကျဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

iMyanmarHouse.com မှ အဆိုပါအိမ်ခြံမြေအရောင်းပြပွဲများကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ သုံးကြိမ်ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံရှိ ပင်နီဆူလာပလာဇာဝန်းကျင်၌ နှစ်ကြိမ် ကျင်းပခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## မြဝတီ-မဲဆောက် ဝင်၊ ထွက်ဂိတ်မှ ဇန်နဝါရီလမှ ဇွန်လအထိ ထိုင်းနိုင်ငံသားများနှင့် အခြားနိုင်ငံသား ခြောက်သောင်းကျော် ဝင်ရောက်လည်ပတ်ခဲ့

**မြဝတီ ဇူလိုင် ၂၁**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် နိုင်ငံခြားသား လူဝင်၊လူထွက်နှင့် ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှ စတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုရာ မြဝတီ-မဲဆောက် ဝင်၊ထွက်ပေါက်ဂိတ်မှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လည်ပတ်သူ ဦးရေမှာ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ထိုင်းနိုင်ငံသား ၅၄၀၂၉ ဦးနှင့် တတိယနိုင်ငံသား ၆၃၀၆ ဦး စုစုပေါင်း ၆၀၃၃၅ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ အဆိုပါ ဝင်ရောက်လည်ပတ်သူ ၆၀၃၃၅ ဦးတွင် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာဖြင့် ဝင်ရောက်သူ ၁၀၅၆၇ ဦးရှိပြီး နေ့ချင်းပြန် လည်ပတ်သူ ၄၉၇၆၈ ဦး ဖြစ်ကြောင်း သိရသည်။

အလားတူ ယခုနှစ် ဇူလိုင် ၁၅ ရက်က Mother Ayeyarwaddy Travels & Tours Co.,Ltd.၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသားဧည့်သည် Mr.Arno Khammak နှင့်အဖွဲ့ဝင် ၃၁ ဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ၁၃ စီးဖြင့် မြဝတီ-မဲဆောက် ဝင်၊ ထွက်ဂိတ်မှ ဝင်ရောက်ပြီး မြဝတီ-မော်လမြိုင်-နေပြည်တော်-ပုဂံ-မန္တလေး- ရန်ကုန်-ကျိုက်ထိုမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ခရီးစဉ်များတွင် လိုက်ပါခဲ့ကာ ခရိုင်ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနရုံးမှ ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၂၁ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကျန်းမာရေးအသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးအခမဲ့ကုသ

**ကျောက်ကြီး ဇူလိုင် ၂၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ခဲကြီးကျေးရွာနှင့် စပ်လဲကျေးရွာတို့တွင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံမှတ်တမ်းများပြသခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းရင်းဆေးကုဌာနမှူး ဒေါ်ခင်ထားနွယ်က မြန်မာ့တိုင်းရင်းဆေးဖြင့် ပျောက်ကင်းနိုင်သော ရောဂါများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး အခမဲ့ဆေးကုသပေးခဲ့သည်။ ယင်းနောက် ကျောင်းသားကျောင်းသူများက နံရံကပ်ပိုစတာများ၊ ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုပြီး စာအုပ်စာစောင်များ ဖတ်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်(ရွှေဈေး) ၈၃၅၀၀၀ - ၈၃၅၀၀၀ မန္တလေး(ရွှေဈေး) ၈၃၄၅၀၀ - ၈၃၄၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၄၅/၅၆၀ ကျပ်၊ | ၆၁၀/၆၃၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၀.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၆.၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃.၆၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၂.၄၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇.၅၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၀၀.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃.၄၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၁.၂၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၉.၆၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရက္ခစိုးအိပ်မက်

ငယ်ငယ်တုန်းက သင်ခဲ့ဖူးတဲ့
အမြဲစိမ်းတောတွေ
ကြွေပြီ။
နေပြောက်မထိုးတဲ့
ရိုးမတောကြီးဆိုတာ
ရာဇဝင်မှာ
တကယ်ရှိခဲ့သလား။
မဟာမြိုင်တောကို စပ်ဆိုခဲ့တဲ့
စုံတောမြိုင်သီချင်း
လွမ်းရင်းအိပ်မက်၊
ကလေးမြို့နဲ့ ဆက်စပ်နေတဲ့
အနောက်ဘက်တောင်ကြော
တွေးရင်းမောတယ်၊
ဂျိန်းဖောမြေက တောအလုတွေ
ဘယ်ကဝေတွေ ပြုစားလိုက်ပြီလဲ၊
ဟို ငယ်ငယ်ကဖတ်ခဲ့ဖူးတဲ့
ဆရာမောင်သာရရဲ့
"လမ်း၌တွေ့ခဲ့သောသစ်ပင်တစ်ပင်"
ရင်ခုန်ခဲ့ဖူးတယ်
အိပ်မက်ခဲ့ဖူးတယ်
ရူးသွပ်ခဲ့ဖူးတယ်။

**ဗအုပ်ခိုင်**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂- ၇ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ -အဖွင့်
  -မိုးလေဝသအစီအစဉ်
  -ပြည်သူ့နီတိ
  "ချစ်တတ်အောင်ချစ်ပြပါ"
- ၆း၂၀ ကာတွန်းအစီအစဉ်
  "Kung Fu Panda 2"(အပိုင်း-၁)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၄၆)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "ကိုယ့်ဘဝ ကိုယ့်အိမ်မက်" (အပိုင်း-၆)
- ၈း၃၀ MRTV Entertainment Music
- ၈း၅၀ ဆရာမကြီး ဒေါ်စောမုံညင်း
- ၉း၁၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၉း၃၀ တောင်ပြိုးပွဲ
- ၉း၅၀ တေးဂီတအစီအစဉ်
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "မဆိုးခဲ့ပါဘူး"
- ၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၇း၅၀ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ သစ်ပင်များ စနစ်တကျစိုက်ပျိုးကြပါစို့"
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ Weekly Sport Info
- ၁၁း၁၅ "ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုကဏ္ဍ
- ၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၀)
- ၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၆၆)
- ၂း၁၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း -၁)
- ၂း၅၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (သပြေညို နှင့်အားမာန်)
- ၃း၃၅ လက်တွေ့အသုံးချဘဏ္ဍာရေး သုတများ
- ၄း၁၅ "ပန်းမွေ့ယာရွှေကော်ဇော" (ကောင်းပြည့်၊ ခင်ဝင့်ဝါ) [ဒါရိုက်တာ- အောင်မိုး(ပဲရစ်)]
- ၄း၃၅ Football မဂ္ဂဇင်း (ရတနာပုံယူနိုက်တက်အသင်း)
- ၅း၁၅ "အန္တရာယ်ကိုသတိနှင့်စည်းကမ်းတကျစား ကွမ်းယာကြိုက်သူများ"
- ၅း၃၅ Hyper Sport
- ၆း၃၅ မှတ်မှတ်သားသား ပုံပြင်များ "သံနဲ့သား"
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၆၇)
- ၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ဆက်သွယ်ရေးပိုမို ကောင်းမွန်သော မြန်မာနိုင်ငံတည်ဆောက်ဖို့ Broadband ကဏ္ဍမြင့်တင်စို့
- ၉း၀၀ ပြည်တွင်းသတင်း
  -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၁)
  သမိုင်းကိုဖော်ပြသော ဝါကျများ အငြိမ့်မင်းသမီးကြီးဒေါ်ရွှေလိပ်ပြာနှင့်တွေ့ဆုံခြင်း)(အပိုင်း-၁)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+အာဠာနဋိယသုတ်
- ၅း၄၀ "သစ္စာအနက် (၁၆)ချက် (အမှတ်-၇) တရားတော်)" [ဆရာတော်ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီဆရာတော်)]
- ၈း၀၀ "မင်္ဂလာပါ"The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ Food &Decor
- ၁၁း၄၅ ရန်ကုန်မြင်ကွင်းကျယ်(၂၀၁၆ Yoangon 1st Korea Beauty and Health Fair)
- ၄း၀၀ Cartoon Series(Go Go Giggles)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၁၀)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၁၂)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅၇)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် ဂျန်းယောလ်ရှိုးလ်" (အပိုင်း-၄၃)
- ၁၀း၁၀ MRTV-4 Stage
- ၁၀း၃၅ World of Knowledge (Is It Real: Hauntings)

### mitv

- 07:03 News
- 07:26 Discovering Tribes "MUUN" (Episode- I)
- 07:49 Amazing: Sayargyi Nyein Chan Aung
- 08:03 News
- 08:26 Crab Business (Part-II) Soft Shell Crab
- 08:39 A bike ride in pursuit of Mural Art (Ep-1)
- 09:03 News
- 09:26 …..Changes
- 09:42 Irrawaddy Dolphin (Part- II)
- 09:55 Cosplayer
- 10:03 News
- 10:26 Entrepreneur: Dr. Thin Nwe Win
- 10:35 Aesthetic Chinlone
- 07:03 News
- 07:27 To My Dream City (Part- 2)
- 07:45 Amazing: Magician Sak Kaw Ma
- 08:03 News
- 08:26 Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (Ep-1)
- 08:53 Myanmar Masterclass: Impressionism

½kyf&Sft ñef

# "ခိုးဆိုးလုနှိုက်"နှင့် "ဖေ့စ်ဘုတ်ရွာ" ဇာတ်ကားများ ရုံတင်ပြသ



ယခုအခါ ရုပ်ရှင်ဇာတ်ကားများကို ရုံပြိုင်စနစ်ဖြင့် ပြသလျက်ရှိပြီး မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရုပ်ရှင်ရုံသစ်များ မကြာမီဆောက်လုပ်တော့မည့်သတင်းများကို ဖတ်ရှုကြားသိနေရသည့်အတွက် ပရိသတ်များအနေဖြင့်လည်း မိမိစိတ်ကြိုက် ရွေးချယ်ကြည့်ရှုနိုင်သဖြင့် ရွေးချယ်စရာပိုမိုများပြားလာကာ စိတ်အပန်းဖြေနိုင်ကြမည်ဖြစ်သည်။

ယခုတစ်ပတ်တွင်လည်း ဇူလိုင် ၂၂ ရက်တွင် အသစ်ရုံတင်ပြသမည့် မြန်မာဇာတ်ကားများနှင့် မိတ်ဆက်တင်ပြပေးလိုပါသည်။

မိုးရုပ်ရှင် ထုတ်လုပ်ရေးမှ ဒေါ်နုနုစိန် စီစဉ်ထုတ်လုပ်ပြီး ဇာတ်ညွှန်း နေစိုးသော်၊ ဇာတ်လမ်းစျာန်သခင်သွေးတို့က ဒါရိုက်တာ စတီးနှင့်အတူ ပိုင်းဝန်းပုံဖော်ထားသည့် 'ခိုးဆိုးလုနှိုက်'ဇာတ်ကားနှင့် ရုပ်ရှင်ချစ်ပရိသတ်ကြား လူကြိုက်များ ရေပန်းစားနေသည့် 'ဖေ့စ်ဘုတ်ရွာ' ဇာတ်ကားတို့ကို ရန်ကုန်မြို့ သမ္မတ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဖြစ်သည်။




'ခိုးဆိုးလုနှိုက်'ဇာတ်ကားတွင် မြင့်မြတ်၊ နေဒွေး၊ ထွန်းထွန်း၊ ခင်လှိုင်၊ ရဲအောင်နှင့် သင်ဇာဝင့်ကျော်တို့က အဓိက ခေါင်းဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားတွင် မိဘတို့၏ မှားယွင်းမှုများကြောင့် ကလေးငယ်များ လမ်းမှားရောက်စေတတ်ပုံ၊ ရာဇဝတ်ဘေး ပြေးမလွတ်ကြောင်းနှင့် မိုက်မှားမှုကို မရပ်တန့်ဘဲ ရှေ့ဆက်တိုးကြသူများ၏ ဘဝနိဂုံးမလှပပုံများနှင့် ချစ်ခြင်းမေတ္တာ၏နက်ရှိုင်းမှုများကို ဖော်ကျူးထားသော လူငယ်ပညာပေး အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ယင်းဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေး၊ မင်္ဂလာ(၂) ဒဂုံစင်တာ(၂)မြေနီကုန်း၊တော့ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာ Cineplex 1 2 3 4 ဂမုန်းပွင့်၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်း သီရိရုပ်ရှင်ရုံတို့တွင် ဇူလိုင် ၁၅ ရက်က စတင်ပြသခဲ့သည်။

ဆက်လက်ပြီး ယခုတစ်ပတ်တွင် ပြသဆဲ မြန်မာဇာတ်ကားဖြစ်ပြီး ရုပ်ရှင်ချစ်ပရိသတ်ကြား လူကြိုက်များ ရေပန်းစားနေသည့် 'ဖေ့စ်ဘုတ်ရွာ' ဟာသဇာတ်ကားကိုလည်း ရန်ကုန်မြို့ရှိ မင်္ဂလာ(ဝဇီရာ) လှိုင်သာယာ ရုပ်ရှင်ရုံတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

'ဖေ့စ်ဘုတ်ရွာ' ဇာတ်ကားကို အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာအဖြစ် ရာဇဝင်ကိုက ခြယ်မှုန်းကာ သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ လူမင်း၊ သူရိယ၊ ခိုင်သင်းကြည်၊ မြတ်ကေသီအောင်၊ ယုသန္တာတင်၊ ဆုအိမ့်စံတို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး ညောင်ညောင်၊ ကေညီ၊ ဝါဝါအောင်၊ နှိုင်းယှဉ်မြင့်မိုရ်၊ နမ်းခမ်းဝါ၊ ချမ်းသာ၊ မွန်လေး၊ ထွန်းထွန်းနှင့် ဟာသသရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ထားသော ဟာသဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားဇာတ်ကာသစ်အနေဖြင့် The Purge: Election Year အမည်ရှိ သည်းထိတ်ရင်ဖို စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ်ကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

ဆက်လက်ပြီး နိုင်ငံတကာရုပ်ရှင်ရုံများတွင် ရုံဝင်ငွေအားကောင်း လျက်ရှိသည့် FINDING DORY သရီးဒီ အန်နီမေးရှင်းကာတွန်း ဇာတ်ကားကို နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာစံပြ၊ မင်္ဂလာ Cineplex 1 2 3 4 ဂမုန်းပွင့်နှင့် မင်္ဂလာဒိုင်းမွန်း ရုပ်ရှင်ရုံတို့၌ ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်သည်။

၎င်းအပြင် ဇူလိုင် ၁၅ ရက်တွင် စတင်ရုံတင်ပြသခဲ့သည့်လူမှုရေးရာနှင့် တာဝန်ဝတ္တရားအကြား အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် မှုခင်းဝဲဂယက်မှ ရုန်းထွက်ရန်ကြိုးစားပုံကို ပုံဖော်ရိုက်ကူးထားသည့် Central Intelligence အမည်ရှိ စွန့်စားခန်းများနှင့် ဟာသများ ရောနှောပါဝင်သည့် မှုခင်းအက်ရှင်ဇာတ်ကားကို ရွှေ့ဆောင်နှင့် မင်္ဂလာ Cineplex 1 2 3 4 ဂမုန်းပွင့် ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ပြသဆဲဇာတ်ကားများဖြစ်သည့် သိပ္ပံဇာတ်ကား Independence Day:Resurgence၊ ဘောလိဝုဒ် အားကစားဒရမ်မာဇာတ်ကား Sultan ဇာတ်ကားကိုလည်း ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ **ဖြူစန္ဒာမြင့်**

# Miss Universe Nay Pyi Taw ၂၀၁၆ ရွေးချယ်ပွဲအား ဇူလိုင် ၂၃ တွင်ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်တွင် ပထမဆုံးကျင်းပမည့် Miss Universe Nay Pyi Taw 2016 ရွေးချယ်ပွဲအား Midel Up Date က ကြီးမှူး၍ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် အလှမယ် ၁၄ ဦး ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ပြီး Miss Famous Title ဆုအတွက် Facebook Official Voting များလည်း ဖေ့စ်ဘုတ်မှ ရွေးချယ်ပေးနိုင်ကြောင်း သိရသည်။

**သတင်း-ဖိုးသန့်**
**ဓာတ်ပုံ- MissNPT fb**



# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1) ၌ နံနက် ၈ နာရီမှစ၍ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ကွာတားဖိုင်နယ်အမျိုးသားပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၂၁-၂၅)၊ (၂၃-၂၅)၊ (၂၂-၂၅)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက (၂၅-၂၀)၊ (၂၅-၂၁)၊ (၂၅-၁၈)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၂၅-၁၉)၊ (၂၅-၁၀)၊ (၂၅-၁၆)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၂၅-၉)၊ (၂၅-၁၄)၊ (၂၅-၂၀)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်း ကွာတားဖိုင်နယ်အမျိုးသမီးပွဲစဉ်များ အဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ (၁၉-၂၅)၊ (၂၅-၁၇)၊ (၁၉-၂၅)၊ (၂၅-၁၇)၊ (၉-၁၅)မှတ် သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းမှ (၂၅-၉)၊ (၂၈-၂၆)၊ (၂၅-၁၈)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၂၅-၅)၊ (၂၅-၂၀)၊(၂၃-၂၅)၊ (၂၅-၁၉)မှတ် သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၂၅-၁၅)၊ (၂၅-၁၃)၊ (၂၅-၁၁)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက် နံနက် ၈နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1) ၌ ဆီမီးဖိုင်နယ် (အမျိုးသား /အမျိုးသမီး)ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။ **မောင်မောင်ဇော်**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များ ဆက်လက်ကျင်း

**နေပြည်တော် ဇူလိုင် ၂၁**

အဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယ အဆင့်ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။

ညနေ ၃ နာရီခွဲတွင် အုပ်စု(ခခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းက ငါးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ *(ဓာတ်ပုံ-အား/ကာ)*

ဇူလိုင် ၂၂ ရက် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ကက)မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ လည်းကောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ဇော်**

# ဘီဆီတပ်စ်မှ ထွက်ခွာမည့် ဂိုးမက်ဇ်


ဂျာမနီတိုက်စစ်မှူး မာရီယိုဂိုမက်ဇ်သည် တူရကီနိုင်ငံ၏ မငြိမ်သက်သော နိုင်ငံရေးအခြေအနေများကြောင့် ဘီဆီတပ်စ်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဂိုးမက်ဇ်သည် စီရီးအေကလပ် ဖီအိုရင်တီးနားမှ အငှားဖြင့် လာရောက်ကစားနေသူဖြစ်ပြီး ဘီဆီတပ်စ်အတွက် ပွဲစဉ်(၄၁)ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး ၂၈ ဂိုး သွင်းယူနိုင်ခဲ့ပြီး တူရကီအမှတ်ပေးချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ရန် ကူညီပေးခဲ့သည်။

တူရကီနိုင်ငံ အဓိကမြို့ကြီးနှစ်မြို့ဖြစ်သည့် အစ္စတန်ဘူလ်နှင့် အန်ကာရာမြို့နှစ်မြို့တွင် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပေါ်ခဲ့ပြီးနောက် လူ ၁၆၄ ဦး သေဆုံးခဲ့ရပြီးဖြစ်ရာ ဂိုးမက်ဇ်က အစ္စတန်ဘူလ်မြို့ အခြေစိုက် ဘီဆီတပ်စ် အသင်းနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒမရှိတော့ခြင်းဖြစ်သည်။

၎င်းမှာ ဘီဆီတပ်စ်အသင်းနှင့် ကာလရှည်အငှား စာချုပ်ချုပ်ဆိုခဲ့ရာတွင် အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူနိုင်မည့်အချက်ကိုပါ ထည့်သွင်းချုပ်ဆိုခဲ့သော်လည်း နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဘီဆီတပ်စ်မှ ထွက်ခွာရန် ဆုံးဖြတ် ထားပြီးဖြစ်ကြောင်း သူ၏ ဖေ့စ် ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

"ကျွန်တော်ရှုထောင့်ပေါင်းစုံကနေစဉ်းစားပြီးမှ ခက်ခက်ခဲခဲ ဆုံးဖြတ်လိုက်ရတာဖြစ်ပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ ကစားကွင်းကြီးထဲအသင်းကို ချစ်မြတ်နိုးစိတ်အပြည့်နဲ့ အားပေးကြတဲ့ ပရိသတ်တွေရှေ့မှာ ကစားပြရတာကို ကျွန်တော် နှစ်သက်ပါတယ်။ ဒါပေမယ့် မကြာခင်ရက်ပိုင်းကမှ ဖြစ်ခဲ့တဲ့ နိုင်ငံရေး အခြေအနေတွေကြောင့် အခုလိုဆုံးဖြတ်ခဲ့ရတာပါ။ ကျွန်တော့်ကို ပရိသတ်တွေ နားလည်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဂိုးမက်ဇ်က ရေးသားခဲ့သည်။ **မေလှဲ့သင်း**

# မန်ယူနဲ့ ပေါ့ဘာ့ဇာတ်လမ်း



မန်ယူအသင်းက ဂျူဗင်တပ်ကွင်းလယ်လူ ပေါလ်ပေါ့ဘာကို ခေါ်ယူဖို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀နဲ့ အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပြီးပြီလို့ အီးအက်စ်ပီအင်န် သတင်းဌာနက ဖော်ပြခဲ့ပါတယ်။ ပေါ့ဘာရဲ့ အခွန်ဆောင်ပြီး အသားတင် တစ်ပတ်လုပ်ခဟာ ပေါင်၂၁၀၀၀၀ ဖြစ်ပြီး ဒီပမာဏကြောင့် ဥရောပ ဘောလုံး လောကအတွင်းမှာတောင် ရိုက်ခတ်မှုရှိခဲ့ကြောင်းလည်း တိတိကျကျကို ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် ဒီသတင်းထွက်ပြီး မရှေးမနှောင်းမှာပဲ ဂျူဗင်တပ်အမှုဆောင် မာရော့တာက ပေါ့ဘာကိစ္စနဲ့ ပတ်သက်ပြီး မန်ယူနဲ့ ဂျူဗင်တပ်အကြား ဆက်သွယ်မှုမရှိကြောင်း ပြောဆိုခဲ့တယ်လို့ အိပ်ပရက်စ် အွန်လိုင်းက ထပ်မံဖော်ပြခဲ့ပါတယ်။ ဒါ့ကြောင့် ပေါ့ဘာမန်ယူကို ရောက်လာပြီဆိုတဲ့ သတင်းကြောင့် ကျေနပ်နေတဲ့ မန်ယူပရိသတ်တွေအနေနဲ့ စိတ်ပျက်သွားခဲ့ရပါတယ်။

ထွက်လာတဲ့ သတင်းတွေရဲ့ ဖော်ပြချက်အရဆို မန်ယူအမှုဆောင် အရာရှိချုပ် အက်ဒ် ဝုဒ်ဝါ့ဒ်ဟာ ဂျူဗင်တပ်ဘက်မှ မာရော့တာနဲ့ ပါရာတီစီ၊ ပေါ့ဘာရဲ့ ကိုယ်စားလှယ်ရိုင်အိုလာတိုနဲ့ ညှိနှိုင်းဆွေးနွေးပြီးနောက်မှာ အပြီးသတ် သဘောတူညီချက်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဝုဒ်ဝါ့ဒ်အနေနဲ့ ပေါ့ဘာအပြောင်းအရွှေ့ကိစ္စရပ်တွေကို ဆောင်ရွက်နေရတဲ့အတွက် မန်ယူရဲ့ ရာသီကြိုခြေစမ်းပွဲများကိုတောင် လိုက်ပါနိုင်ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပေါ့ဘာအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း၁၀၀အပြင် အောင်မြင်မှုရရှိတဲ့အပေါ်မူတည်ပြီး ပေါင်ရှစ်သန်းကိုပါ အပိုဆုကြေးအဖြစ်ပေးဖို့ သဘောတူညီခဲ့တယ်။ ဒီလိုဆို ပေါ့ဘာရဲ့ ပြောင်းရွှေ့ကြေးမှာ ၂၀၁၃ခုနှစ်က ဂါရတ်ဘေးလ်အတွက် ရီးယဲလ်မက်ဒရစ် သုံးစွဲခဲ့တဲ့ပေါင် ၈၆သန်းထက် ကျော်လွန်ပြီး ကမ္ဘာ့အမြင့်ဆုံးပြောင်းရွှေ့ကြေးအဖြစ်လည်း မှတ်တမ်းဝင်မှာဖြစ်ပါတယ်။

ပေါ့ဘာက အီးအက်စ်ပီအင်န်နှင့် မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ မန်ယူအကြောင်းကို မေးမြန်းခဲ့ရာ"ကျွန်တော့်ရဲ့ ပထမဆုံး မိသားစုအသင်းပါ" လို့သာ ထိန်းထိန်းသိမ်းသိမ်းဖြေကြားခဲ့တာကြောင့် သူ့ရဲ့ ပြောစကားကို ကြည့်ပြီးလည်း ကောက်ချက်ဆွဲဖို့ ခက်နေတာဖြစ်ပါတယ်။

ဒါပေမယ့် ပေါ့ဘာနဲ့ မန်ယူထွက်နေတဲ့ သတင်းတွေဟာ ယူရို-၂၀၁၆ပြိုင်ပွဲကာလကတည်းကဖြစ်ပြီး အခုထိ အဆုံး မသတ်နိုင်သေးပါဘူး။ သိရသလောက်တော့ မန်ယူက ပေါ့ဘာကို အသည်းအသန်လိုချင်နေတယ်။ ဒါပေမယ့် ပေါ့ဘာက မန်ယူထက်ဆို လာလီဂါ အသင်းတွေဖြစ်တဲ့ ရီးယဲလ်နဲ့ ဘာစီလိုနာကိုသာ ပြောင်းရွှေ့လိုနေတာဖြစ်ပါတယ်။တစ်ဖက်မှာလည်း ပေါ့ဘာကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ မန်ယူက ခေါ်ထုတ်သွားတဲ့ ရှိုင်လိုရာက ပေါင်သန်း၁၀၀လောက်နဲ့ မန်ယူကို ပြန်လည်သွင်းဖို့ ကြိုးစားနေတာဖြစ်ပါတယ်။

ဒါပေမယ့် ပေါ့ဘာရဲ့ အနာဂတ်ကို ဂျူဗီက ပိုင်၊ မပိုင်ဆိုတာတော့ ပြောလို့မရသေးတဲ့ အခြေအနေကိုတော့ မာရော့တာက ဝန်ခံခဲ့ပါတယ်။သေချာတာကတော့ ပေါ့ဘာဟာ ဒီနှစ်နွေမှာ ဂျူဗင်တပ်က သေချာပေါက် ထွက်မှာဖြစ်ပြီး ဖြစ်နိုင်ချေအရှိဆုံး အသင်းကလည်း မန်ယူသာလျှင် ဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူဘက်က ပေါ့ဘာနဲ့ သဘောတူညီချက်ရပြီလို့ အတိအကျ သတင်းထုတ်ပြန်နိုင်ချိန်ရောက်မှသာ မန်ယူကို ပေါ့ဘာရောက်ပြီလို့ မန်ယူပရိသတ်တွေ သက်ပြင်းချနိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ ပေါ့ဘာသာ မန်ယူကို ရောက်လာရင်တော့ မော်ရင်ဟိုရဲ့ မန်ယူနည်းပြဘဝ စတုတ္ထမြောက် ခေါ်ယူခဲ့တဲ့ ကစားသမား ဖြစ်လာမှာဖြစ်ပါတယ်။

**ရှိုင်ယန်ဟောဒင်**



# ယုဇနဥယျာဉ်မြို့တော်၌ စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် ဘီ(၉) လမ်း၌ စကားများရန်ဖြစ်ကြရာမှ လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် ဘီ(၉) လမ်း တိုက်(၂၄)တွင် နေထိုင်သူ ဦးအောင်ဝင်းစိုး (၃၇) နှစ်နှင့် ၎င်း၏ဇနီး ဒေါ်အေးမြတ်ကြူ(၃၇)နှစ်တို့သည် တစ်တိုက်ထဲတွင်နေထိုင်သူ ဦးစိုးပိုင်(၄၅)နှစ်နှင့် ဘီ(၉) လမ်း လမ်းမပေါ်၌ စကားများရန်ဖြစ်ကြရာမှ ဦးစိုးပိုင်(၄၅) နှစ်သည် အရိုးအသွား တစ်ပေခန့်ရှိ ဓားနှင့် ထိုးသဖြင့် ဦးအောင်ဝင်းစိုး၏ ဝဲဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် ၎င်း၏ဇနီး ဒေါ်အေးမြတ်ကြူမှာလည်း ရင်ညွန့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ဆေးဝါးကုသမှုခံယူနေစဉ်မှာပင် ဦးအောင်ဝင်းစိုးမှာ ရရှိသောဒဏ်ရာဖြင့် ဇူလိုင် ၂၁ ရက် နံနက် ၆ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းမှ ဦးစိုးပိုင်အား ဖမ်းဆီးအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျင်မောင်)**

# အဓမ္မအလုပ်ခိုင်းစေသည့် ငါးဖမ်းလှေ ပဲ့နင်း၊ လက်ထောက်ပဲ့နင်းနှင့် လူပွဲစားများကို လူကုန်ကူးမှုဖြင့် အမှုဖွင့်

**နေပြည်တော် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နေ အမျိုးသား တစ်ဦးသည် လွန်ခဲ့သော တစ်လခန့်က အလုပ်လုပ်ရန် မွန်ပြည်နယ် ရေးမြို့သို့ သွားရောက်ခဲ့ကြောင်း၊ ရေးမြို့တွင် ပွဲစား ဒေါ်မိုးသူဇာနှင့်တွေ့ဆုံကာ အစင်ကျေးရွာနေ ငါးဖမ်းလှေပိုင်ရှင်ထံသို့ ပို့ဆောင်၍ အလုပ်လုပ်စေခဲ့ကြောင်း၊ ပွဲစား ဒေါ်မိုးသူဇာက ငွေကျပ်ခြောက်သိန်း ထုတ်ယူသွားကြောင်း၊ ငါးဖမ်းလှေပေါ်တွင် ၎င်းကဲ့သို့ ရေလုပ်သား ၁၃ ဦးရှိသည်ကိုလည်း သိရှိခဲ့ရကြောင်း၊ ယခု လက်ရှိတွင် မုန်တိုင်းကျနေသဖြင့် လှေကိုကမ်းကပ်ထားပြီး လှေဦးစီးမှာ ဦးဆန်းညွန့်ဖြစ်ကာ လှေအမည်မှာ ဇော်နိုင်အတွဲ(၅)ဟု သိရှိရကြောင်းနှင့် ကယ်တင်ပေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ဖုန်းဖြင့် သတင်းပေးတိုင်တန်းလာသည်။

သတင်းပေးတိုင်တန်းလာမှုအပေါ် မှန်ကန်မှုရှိ၊ မရှိ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု မော်လမြိုင်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးဆန်းဦးနှင့် တပ်ဖွဲ့ဝင်များကို စိစစ်စေခဲ့ရာ မှန်ကန်ကြောင်း သိရှိသဖြင့် ကယ်တင်ရရှိရေးဆောင်ရွက်ခဲ့ရာ ဇော်နိုင်(၅)စိန်ပိုက်အမည်ရှိ ငါးဖမ်းလှေပေါ်တွင် ရေလုပ်သား ၁၁ ဦး တွေ့ရှိ၍ ယင်း ၁၁ ဦးကို ဇူလိုင် ၁၂ ရက်တွင် ကယ်တင်နိုင်ခဲ့သည်။

အဆိုပါရေလုပ်သား ၁၁ ဦးမှာ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ နှစ်ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ နှစ်ဦး၊ မွန်ပြည်နယ် မော်လမြိုင်မှ နှစ်ဦးနှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရှိရပြီး တွေ့ဆုံမေးမြန်းခဲ့ရာ ပွဲစား ကုလားလေး၊ ကျော်ဦး(ခ) ပြောင်ကြီး၊ မိုးသူဇာတို့က ဒိုက်ဦးမြို့နယ်မှ ရေလုပ်သား လေးဦးအား လည်းကောင်း၊ ပွဲစား ဘိုဘိုက မြန်အောင်မြို့နယ်မှ ရေလုပ်သားနှစ်ဦးအားလည်းကောင်း၊ ပွဲစား ဇော်လင်းနှင့် ဇနီး စန္ဒာသိန်းတို့က မော်လမြိုင်ကျွန်းမြို့နယ်မှ ရေလုပ်သားနှစ်ဦးအားလည်းကောင်း၊ ပွဲစား ဒေါ်ခွေးမက မော်လမြိုင်မြို့နယ်မှ ရေလုပ်သားနှစ်ဦးအားလည်းကောင်း၊ အမည်မသိပွဲစားတစ်ဦး(ရန်ကုန်)က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ရေလုပ်သားတစ်ဦးအားလည်းကောင်း ဇော်နိုင်(၅)စိန်ပိုက် လှေပေါ်တွင် ရာခိုင်နှုန်းအခစားဖြင့် လုပ်ကိုင်သည့် လှေဦးစီး ပဲ့နင်း ဦးဆန်းညွန့်နှင့် ၎င်း၏ဇနီး မအေးအေးသိန်း(ခ)မအေးသိန်းတို့ထံ ပို့ဆောင်ပေးခဲ့ပြီး ပို့ဆောင်ခငွေအဖြစ် ထို ၁၁ ဦး၏ လုပ်ခလစာငွေထဲမှ ကြိုတင်ငွေများ ရယူခဲ့ကြောင်း၊ လုပ်ခလစာများ ခေါင်းပုံဖြတ်ရယူသွားသဖြင့် အကြွေးကျသည်အထိ လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ဆဲဆိုကြိမ်းမောင်းခြင်း၊ ထိုးကြိတ်ရိုက်နှက်ခြင်း၊ ထိခိုက်ဒဏ်ရာရချိန်များတွင် အနားမပေးဘဲ အဓမ္မအလုပ်ခိုင်းစေခြင်း၊ တစ်နေ့လျှင် ၁၉ နာရီခန့် အလုပ်ခိုင်းစေခြင်းများ ပြုလုပ်ကြောင်း မေးမြန်းသိရှိရသည်။

ရေလုပ်သား ၁၁ ဦးအား ငွေကြေးခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းပေးခဲ့သူ မိုးသူဇာပါခုနစ်ဦး၊ ရာခိုင်နှုန်းအခစားဖြင့် ပိုင်ရှင်ထံမှ လုပ်ငန်းအား လွှဲယူလုပ်ကိုင်သူ မအေးအေးသိန်း(ခ)အေးသိန်း အစင်ကျေးရွာနှင့် အဓမ္မအလုပ်ခိုင်းစေသူ လှေဦးစီး(ပဲ့နင်း) ဦးဆန်းညွန့် အစင်ကျေးရွာ၊လက်ထောက်ပဲ့နင်း စိုးမင်းသန်း အစင်ကျေးရွာတို့သည် လူကုန်ကူးမှုကိုကျူးလွန်သဖြင့် ဥပဒေအရ အရေးယူပေးရန် ဇူလိုင် ၁၅ ရက်တွင် တပ်ဖွဲ့စု(၉) မော်လမြိုင်မှ ဒုရဲမှူးဆန်းဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ရေးမြို့မရဲစခန်းက (ပ)၁၁၁/၂၀၁၆၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျန်းမာရေးကြောင့် လဲကျနေသူ အမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့မှ ဆေးရုံသို့ပို့ဆောင်ကူညီ

**ရန်ကုန် ဇူလိုင် ၂၁**

ဇူလိုင် ၂၀ ရက် ည ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်ထားရှိသည့် ၁၉၉ ဖုန်းသတင်းလက်ခံရာဌာန Call Center သို့ တာဝန်သိပြည်သူတစ်ဦးက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် မောင်းမကန်သာလမ်း ဘုန်းကြီးကျောင်းကွေ့မှတ်တိုင်အနီး မိုးရေထဲတွင် အမျိုးသားတစ်ဦးလဲကျနေကြောင်း ဖုန်းသတင်းပေးပို့ခဲ့သဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းမော်တော်ယာဉ်တာဝန်ကျတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဒလမြို့နယ်နေ ဦးမြင့်အေး (၆၁)နှစ် ဖြစ်ကြောင်း၊ ခြေထောက်များ ဖောရောင်ကာ ဝမ်းများသွားနေသဖြင့် ရဲတပ်ဖွဲ့ဝင်များက ပြုစုစောင့်ရှောက်၍ “မိတ်ဆွေကောင်း” လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် သဃ်န်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ကျန်းမာရေးကြောင့် လဲကျနေသူအား အချိန်မီပြုစုဆေးရုံသို့ ပို့ဆောင်နိုင်ရန် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းနှင့် ဒလမြို့မရဲစခန်းတို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး သတင်းပေးပို့သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ကျေးဇူးတင်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ထိုင်းနိုင်ငံ မဟာချိုင်နယ်မြေတွင် မြန်မာအလုပ်သမတစ်ဦး ရိုက်နှက်ခံရ

**ဗန်ကောက် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ မဟာချိုင်နယ်မြေတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမတစ်ဦးသည် ဇူလိုင် ၂၀ ရက်က ခင်ပွန်း၏ရိုက်နှက်ခြင်းခံရကာ ဒုက္ခဖြစ်လျက်ရှိသဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ACC အဖွဲ့မှ ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါမိန်းကလေး၏အမည်မှာ မအေးသီတာဝင်း အသက်(၂၂)နှစ်ဖြစ်ပြီး ၎င်း၏ခင်ပွန်းနှင့်အတူ ထိုင်းနိုင်ငံ မဟာချိုင်တွင် လာရောက်အလုပ်လုပ်ကိုင်နေရာမှ လင်မယားစကားများပြီး ရိုက်နှက်နှိပ်စက်ကာ စွန့်ပစ်ခံခဲ့ရသည်။

၎င်းကို ရွှေသဇင်-မဟာချိုင်-မဲဆောက် ခရီးသွားလာပို့ဆောင်ရေးမိသားစုကတွေ့ရှိပြီး မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့ AAC သို့ လာရောက်ပို့ဆောင်အကူအညီတောင်းသဖြင့် အဖွဲ့မှ ၎င်းတွင်ရရှိထားသည့်ဒဏ်ရာများအား ဆေးကုသပေးရန် ဝီချိုင်းဝေ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ပြီး လက်ရှိအချိန်တွင် အခြားဒုက္ခသည် မိန်းကလေးများနှင့်အတူ AAC က ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**သွေးသည် အသက်**

**ဖခင်အမည်မှန်**

ကရင်ပြည်နယ်၊ ဘားအံမြို့၊အထက(၄)၊ ဒသမတန်း(ဃ)မှ စောထူးကျော်၏ ဖခင်အမည်မှန်မှာ ဦးပန်းထွေး(ခ)ဦးကီးလော် [၃/ ဘအန(နိုင်)၂၄၀၈၆၂] ဖြစ်ပါကြောင်း။

**ဦးပန်းထွေး(ခ)ဦးကီးလော်**



# ငှက်ပျောဈေးကောင်းသည့်အတွက် စဥ့်ကိုင်မြို့နယ်မှ ငှက်ပျောစိုက်ခင်းပိုင်ရှင်များ အဆင်ပြေ

**စဥ့်ကိုင်  ဇူလိုင် ၂၁**

၂၀၁၆ ခုနှစ်တွင် အညာဒေသ၌ လေကြီးမိုးကြီး တိုက်ကာ မိုးသီးများ ကြွေကျသည့်ဒဏ်ကြောင့် သရက်ခြံသမားများနှင့် ငှက်ပျောစိုက်ခင်းတချို့ ပျက်စီးခဲ့သည်။ လေတိုက်သည့်အတွက် ငှက်ပျော စိုက်ခင်းအချို့ပျက်စီးပြီး လေကြောင်းလွတ်သည့် လက်ကျန်ငှက်ပျောစိုက်ခင်းများမှာ ဈေးကောင်း ရရှိရာ လက်ရှိကာလတွင် စဥ့်ကိုင်မြို့နယ်အတွင်း တံတားဦးလေယာဥ်ကွင်းသွား လမ်းဘေးတစ် လျှောက်ရှိ ငှက်ပျောစိုက်ခင်းပိုင်ရှင်များ အဆင်ပြေ လျက်ရှိသည်။

စဥ့်ကိုင်တွင် စိုက်ပျိုးသော ငှက်ပျောသီးမှာ ဖီးကြမ်းငှက်ပျောသီးဖြစ်သည်။ ငှက်ပျောစိုက်ရန် အတွက် ထယ်ရေးပြင်ပြီးသည်နှင့် ငှက်ပျောစိုက် ကျွမ်းကျင်သူတို့ကိုခေါ်ယူကာ ငှက်ပျောပန္နက်ရိုက် ကြရသည်။ ငှက်ပျောပန္နက်ရိုက်ပြီးသည်နှင့် ငှက် ပျောကျင်းကို တူးကြရသည်။ ငှက်ပျောကျင်းတူးရာ တွင် ငှက်ပျောစို့စိုက်နိုင်ရန် တစ်ထွာကျော် နှစ်ထွာ ခန့်တူးရပြီး ငှက်ပျောကျင်းထဲတွင် မြေဆီအနက်ခံ ပေးရသည်။

အများစုမှာ ဒေသအခေါ် ခြောက်တောင်ခန့် ထွန် ဝင်ဖြစ်အောင် အတန်းပြုလုပ်ပြီး ခုနစ်တောင်စွယ် စုံ စိုက်ကြရသည်။ ငှက်ပျောစိုက်ပြီးသည်နှင့် မြေ ပြင်ခြင်း၊ ရေတင်ခြင်း၊ မြေဆီကျွေးခြင်းများကို အချိန်မှန်ပြုလုပ်ပေးရသည်။ ငှက်ပျော၏သဘာဝ အရ ပင်ပွားနှုန်းကောင်းပြီး သားတက်ထွက်လေ့ ရှိသည်။ ထိုအတက်များကို သားခွဲပေးရလေ့ရှိ သည်။ ငှက်ပျောခင်းကို မြေဆီအနက်နှင့် ပုလဲ တို့ကိုကျွေးရသည်။ ငှက်ပျောမှာ အပြုစု အယု အယ ကောင်းပါက ရှစ်လခန့်တွင် ငှက်ပျောခိုင်ထွက် လေ့ရှိသည်။ အခိုင်ထွက်ပြီးလေးလအကြာတွင် အောင်မြင်ရင့်မှည့်သော ငှက်ပျောခိုင်ကိုခုတ်ရောင်း နိုင်သည်။

ငှက်ပျောစိုက်ပျိုးရာတွင် ဒေသနည်းစနစ်အတိုင်း စွယ်စုံစိုက်ကြသည်။ မြေတစ်ဧကလျှင် ငှက်ပျော စို့ ၇၀၀ ခန့်စိုက်ပျိုးကြသည်။ လက်ရှိငှက်ပျော ဈေးကွက်ပေါက်ဈေးအရ တွက်ချက်ပါက ငှက် ပျောလှည်းတစ်စီး အခိုင် ၄၀ ကိုငွေကျပ် ၁၈၀၀၀၀ ကျော်ပေးရသည်။ တစ်ဧကဆိုပါကငှက်ပျော ၁၂ စီး မှ ၁၄ စီးထွက်ပြီး ကာလတန်ဖိုးငွေကျပ် ၂၅ သိန်းကျော်ရနိုင်သည်။ ငှက်ပျောတစ်ခိုင်လျှင် ပုံမှန် ခြောက်ဖီးပါပြီး အဖီးပိုပါက ဖီးပိုကြေးရသည်။ ငှက် ပျောပွဲစားများထံမှတစ်ဆင့် ဝယ်ပါက ငှက်ပျော လှည်းတစ်စီးလျှင် ငွေကျပ် ၂၁၀၀၀၀အထိ ပေးဝယ်ရသည်။ ငှက်ပျောတစ်သီးပြီးပါက ထိုစိုက်ခင်းအတွင်း ပင်ကြားတန်းနေရာပြောင်းကာ စွယ်စုံပြန်စိုက်လေ့ရှိပြီး တွက်ခြေကိုက်သော သီးနှံ တစ်ခုဖြစ်ကြောင်း သိရသည်။ **တိမ်တမန်**



# Asia World Foundation မှ လှူဒါန်းသော ဇေယျာစမ်းကျေးရွာ စက်ရေတွင်း ဖွင့်လှစ်၍ အောင်ပွဲကျင်းပ

**မကွေး ဇူလိုင် ၂၁**

မကွေးမြို့နယ်တွင် သောက်သုံးရေ အခက်အခဲကြုံတွေ့ကာ ရေလိုအပ် သော ဇေယျာစမ်းကျေးရွာအတွက် Asia World Foundation မှ စက်ရေ တွင်းတူးဖော်လှူဒါန်းခဲ့ပြီး စက်ရေ တွင်း အောင်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ရွာဦးဘုန်း တော်ကြီးကျောင်းအတွင်း စက်ရေ တွင်းတူးဖော်ရာနေရာ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းနှင့် Asia World Foundation မှ စက်ရေတွင်း အလှူရှင် ဒါရိုက်တာဦးစိုးဝင်းသန့်တို့က ဖွင့် လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ မိကျောင်းရဲ၊ တောင်ခွင်၊ ကန်တော်၊ ဇေယျာစမ်း ကျေးရွာတို့မှ ဒေသခံ ကျေးရွာ ပြည်သူများ တက်ရောက်ခဲ့ကြပြီး စက်ရေတွင်းဖြစ်မြောက်ရေး အကျိုး တော်ဆောင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်းက သောက် သုံးရေအခက်အခဲနှင့် ကြုံတွေ့ရသည့် ဇေယျာစမ်းကျေးရွာနှင့် အနီးနား ကျေးရွာများ အသုံးပြုနိုင်ရန် စက်ရေ တွင်းအလှူရှင် ရှာဖွေကာ ဆောင်ရွက် ပေးမှုနှင့်စပ်လျဥ်း၍ အဖွင့်အမှာ စကားပြောကြားပြီး စက်ရေတွင်း အလှူရှင် Asia World Foundation မှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ရေရှားပါး သော ဇေယျာစမ်းကျေးရွာအတွက် ရေကောင်းရေသန့် သောက်သုံးရေ တူးဖော်ရရှိပြီး လှူဒါန်းရမှုအတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် Asia World Foundation မှ မန်နေဂျာ ဦးရဲနိုင်ဝင်း က ဇေယျာစမ်းကျေးရွာ ကလေး သူငယ်များနှင့် ကျောင်းသား၊ ကျောင်း သူများ၏ ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ်သုံးသိန်းကို လှူဒါန်းပေးအပ် ခဲ့သည်။

အဆိုပါကျေးရွာသည် ယခုနှစ် နွေရာသီကာလတွင် သောက်သုံးရေ အတွက် နှစ်မိုင်ခန့်ဝေးသည့် စူးပြစ် စမ်းကျေးရွာ စက်ရေတွင်းသို့ ရေစည် လှည်းဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲစွာ သွားရောက် ရယူအသုံးပြုခဲ့ ရပြီး ယခုအခါ သန့်ရှင်းသော သောက် သုံးရေကို Asia World Foundation မှ လှူဒါန်းခဲ့သည့် စက်ရေတွင်းဖြင့် အဆင်ပြေလွယ်ကူစွာ ရယူအသုံးပြု နိုင်ပြီဖြစ်သည့်အတွက် ဒေသခံ ကျေး ရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝမ်းသာ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ကျွန်းလှတွင် ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း ဖွင့်လှစ်

**ကျွန်းလှ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်သော ရပ်ရွာအခြေပြုကလေး သူငယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်ပွဲ ကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်စုပေါင်း ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကား ပြော ကြားပြီး တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းသိန်းမြင့်က သင်တန်း ဖွင့်လှစ်ရ ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းတွင် လူမှုဝန်ထမ်းလုပ်ငန်းကြီး ရှစ်ရပ်၊ CRCပေါ်ပေါက်လာပုံ၊ ChildLaw၊ ကလေး သူငယ်ကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ရောင်းဝယ်ဖောက်ကားမှု မှ ကာကွယ်ရေး၊ ကလေး၊ ဆယ်ကျော်သက် စိတ် ပညာ၊ ကလေးသူငယ်မှုခင်းသဘောသဘာဝ၊ လူငယ်နှင့် ကင်းထောက်လုပ်ငန်းတာဝန်၊ လူငယ် နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် ရေး၊ လူငယ်ထုနှင့် ရပ်ရွာလူမှုရေးလုပ်ငန်း ဘာသာ ရပ်တို့ကို သုံးရက်ကြာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ပုဂံမြို့တွင် From Good To Great ခေါင်းစဥ်ဖြင့် ဟောပြောပွဲ ကျင်းပမည်

**ပုဂံ ဇူလိုင် ၂၁**

Hub Myanmar Co., Ltd. က ကြီးမှူးကျင်းပသည့် Better Future Better Myanmar 2016 ၏ စီးပွားရေးဆိုင်ရာ (၈)ကြိမ်မြောက် အခမဲ့ဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ပုဂံမြို့ ယွန်းတက္ကသိုလ်(ယွန်းပြတိုက်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် From Good To Great ခေါင်းစဥ်နှင့်အညီဖြစ်ရန် အဖွဲ့အစည်း တိုးတက်ရေး လမ်းညွှန်ပေးနိုင်သောခေါင်းဆောင် အမှန်တကယ်လိုအပ်ကြောင်း။ ထို့အပြင် လိုရာခရီးကို ရောက်ရန် လူမှန် နေရာမှန်ဖြစ်ရေး လိုအပ်သည့်အတွက် မိမိရဲ့ စိတ်အားထက်သန်မှု (Passion) က ဘာလဲ။ မိမိဟာ ဘယ်အပိုင်းမှာ တော်နေ၊ တတ်နေသလဲ (Good at) နှင့် အဲဒါတွေကို ပေါင်းစပ်ပြီး ငွေကို ဘယ်လိုရှာရမလဲ (Driving Resource) စတာတွေကို ခွဲခြားသိမြင်နိုင်စေမယ့် အကြောင်းအရာတွေကို ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် Device Business Management Academy ၏ Principal ဆရာ ဦးတင်ဇံကျော်တို့က ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို Register ပြုလုပ်ပြီး အခမဲ့တက်ရောက်နိုင်ကြောင်း၊ Online Register မှ ပြုလုပ်မည်ဆိုပါ http://bfbm.hubconference.com/register-for-bagan သို့မဟုတ် SMS Register ပြုလုပ်လိုပါက ဖုန်း ၀၉-၄၂၀၀၃၃၃၅၅၊ ၀၉-၄၂၀၀၃၃၃၆၆ တို့သို့ အမည်၊ အလုပ်အကိုင်၊ ရာထူး၊ ကုမ္ပဏီအမည်၊ ဖုန်းနံပါတ်နှင့် Email တို့ကို ပြည့်စုံစွာဖြင့် SMS ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး နှင့် မွေးမြူရေးသင်တန်းဆင်းပွဲ တာချီလိတ်၌ ကျင်းပ

**တာချီလိတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၁၅ ရက် နံနက်က မယ်ခေါင်ရပ်ကွက်ရှိ အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။ ထို့နောက် သင်တန်းသားတစ်ဦးက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ စီးပွားဖြစ်မွေးမြူရေး နည်းစနစ်များကို သိရှိနားလည်သဖြင့် လူမှုစီးပွားဖွံ့ဖြိုး အထောက်အကူဖြစ်စေကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းသို့ ဖန်မင်ကျေးရွာအုပ်စုရှိ စံပယ်-ဆန်နား ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းအား တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ရွှေစည်းခုံဘုရားကြီးတွင် ဝါဆိုလပြည့်နေ့၌ ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူသူများနှင့် အထူးစည်ကား

**ညောင်ဦး ဇူလိုင် ၂၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ဝါဆိုလပြည့်နေ့ နံနက်ပိုင်းက ပြည်တွင်း ပြည်ပ ဘုရားဖူးများနှင့် ညောင်ဦးမြို့ပေါ် ရပ်ကွက်အသီးသီးမှ ဗျောအဖွဲ့များ၊ ဆွမ်းတော်ကြီး၊ ပန်းရေချမ်းကပ်လှူသူများဖြင့် အထူးစည်းကားလျက်ရှိကြောင်း သိရသည်။

ယင်းရွှေစည်းခုံစေတီတော်မြတ်ကြီးအား ယခုနှစ်မှမဟုတ်၊ ရှေးယခင်နှစ်ပေါင်းများစွာကပင် ဝါတွင်းသုံးလတာကာလ အဖိတ်နေ့များတွင် ဆွမ်းတော်ကြီးခံယူပြီး ဥပုသ်နေ့တိုင်း ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်းကပ်ခြင်း၊ ရေချမ်းကပ်ခြင်း၊ ဆီမီးပူဇော်ခြင်းတို့ကို နှစ်စဉ်ပြုလုပ်လေ့ရှိသည်ဟု ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ရွာက တစ်ရွာလုံးလိုလို လာကြပါတယ်။ နှစ်စဉ်လာနေကြပါ။ ရွှေစည်းခုံဘုရားကြီး ဆွမ်းသပိတ်ထဲကို ဆွမ်းဦးလောင်းလှူချင်လို့ပါ။ ဒါကြောင့် တမင်စောစောလာပြီး ဆွမ်းလောင်းတာပါ။ ကျွန်တော်တို့ဘယ်လောက်ကြီး ဆွမ်းစောစောလောင်းလောင်း ဆွမ်းသပိတ်ထဲမှာ ဆွမ်းရှိနေပြီးဖြစ်ပါတယ်။ ဒီအချက်ကလည်း ဘုရားကြီးက ကြည်ညိုဖွယ်ဆောင်နေပါတယ်" ဟု ဆွမ်းလောင်းလာသူ ကမ္ဘာနီရွာသားတစ်ဦးက ပြောသည်။

"ဒီဘုရားကြီးကို ကျေးလက်တောရွာများကပါလာရောက် ဆွမ်းလောင်းကြတယ်။ ညောင်ဦးမြို့ပေါ်ကလည်း ရပ်ကွက်တိုင်း တစ်အိမ်မကျန် ဆွမ်းများလာရောက်လှူဒါန်းကြတယ်။ ဒီနှစ်မှာတော့ တခြားရပ်ဝေးရပ်နီးမှ ဘုရားဖူးကားများနှင့် အထူးစည်ကားပါတယ်။ ပုဂံဘက်ကလည်း လာကြတယ်။ ဝါဆိုလပြည့်ကျော် ၁ ရက် နံနက်မှာလည်း ဒီနေ့လိုပဲ မြို့ပေါ်ရပ်ကွက်များမှ ဗျောအဖွဲ့များနှင့်စည်ကားသိုက်မြိုက်စွာ လှူဒါန်းသွားမယ်"ဟု မြို့ပေါ်ရပ်ကွက်သားတစ်ဦးက ပြောသည်။ **ကျော်ဌေး (ညောင်ဦး)**

## ထွာလမ်ကျေးရွာဆိုလာမီး ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထန်တလန် ဇူလိုင် ၂၁**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICS) တို့ ပူးပေါင်းဆောင်ရွက်သော ချင်းပြည်နယ် ထန်တလန်မြို့နယ် ထွာလမ်ကျေးရွာ ဆိုလာမီးဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီက အဆိုပါကျေးရွာ ဆိုလာပြားတပ်ဆင်ထားသည့် အထိုင်နေရာရှေ့၌ ကျင်းပခဲ့သည်။

ယင်းနေ့အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးချန်ဟမ်းနှင့် ထွာလမ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထပ်ဒိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆိုလာမီးကို မြို့နယ်အုပ်ချုပ်ရေးမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

"ကျွန်တော်တို့တစ်ရွာလုံး အိမ်တိုင်းစေ့မီးလင်းပါပြီ။ အခုလို ငွေကြေးမြောက်မြားစွာ အကုန်ကျခံပြီး ဆိုလာမီးတပ်ဆင်ပေးလို့ တာဝန်ရှိသူအဆင့်ဆင့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရွာလည်း ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာတော့မှာပါ" ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဆိုလာမီးကို ဂျပန်နိုင်ငံ၏ အကူအညီ အမေရိကန်ဒေါ်လာတစ်သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆိုလာပြား ၃၆ချပ်ကို အထိုင်တစ်နေရာတွင် ထားရှိ၍ ထိုမှတစ်ဆင့် အိမ်တိုင်း အိမ်တိုင်းကို မီးကြိုးနှင့်သွယ်ယူသည့် စနစ်ဖြစ်ကြောင်း၊ အဆိုပါဆိုလာမှ ငါးကီလိုဝပ်ရရှိမည်ဖြစ်၍ ထွာလမ်ကျေးရွာအိမ်ခြေ ၈၀ ရှိသဖြင့် အလင်းရရှိရေးအတွက် ကောင်းကောင်းလုံလောက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၏ ပြောပြချက်အရ သိရသည်။

ယခင်နှစ်တွင်လည်း ဂျပန်နိုင်ငံက ထန်တလန်မြို့နယ် ဇဲဖိုင်ကျေးရွာတွင် ဆိုလာမီးတပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။ ယခုနှစ်တွင်ထပ်မံတပ်ဆင်ပေးမှုအရ ထန်တလန်မြို့နယ်တွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆိုလာမီးရရှိသည့် ကျေးရွာနှစ်ရွာရှိသွားပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့နန်းမြို့ရိုးနှင့် ကျုံးအလှကိုခံစားရင်း ခိုစာ၊ ငါးစာကျွေးကာကုသိုလ်ပြုသူများပြားလာ

**မန္တလေး ဇူလိုင် ၂၁**
ကျုံးမြောက်ဘက် လှပသောထနောင်းပင်နေရာတွင်လည်း ခိုစာကျွေးခြင်း၊ ငါးစာကျွေးခြင်းများပြုလုပ်ကာ ကုသိုလ်ယူကြသည်။ ယဉ်ပါးနေသောခိုများကို အစာကျွေးရန်အတွက် ခိုစာရောင်းချသူလည်းရှိနေသည်။ ခိုစာတစ်ထုတ်လျှင် ငွေကျပ် ၂၀၀ ဖြင့် ရောင်းချပြီး ဝယ်ယူကုသိုလ်ပြုသူများပြားလျက်ရှိကြောင်း သိရသည်။

လှပသောကျုံး တင့်တယ်သော မြင်ကွင်း စိတ်ချမ်းသာခြင်းတို့ဖြင့် စီခြယ်ထားသော မန္တလေးကျုံးအလှမှာ ရှုမဝသော အလှရှုခင်းအဖြစ် တည်ရှိနေလျက် ရှိနေပေသည်။ ကျုံးပတ်လည် ဝန်းရံထားသော မန္တလေးနန်းမြို့ရိုးသည် မန္တလေးမြို့ဂုဏ်ကို ဆောင်နေသော ရှေးဟောင်းအမွေအနှစ် တစ်ခုပင်ဖြစ်သည်။ မန္တလေးမြို့၏ဂုဏ် မန္တလေးမြို့ကို အထင်ကရဖြစ်စေသော သင်္ကေတမှာ ကျုံး၊ နန်းမြို့နှင့် အတူ ရွှေနန်းတော်ပင်ဖြစ်သည်။ မန္တလေးတောင်နောက်ခံနှင့် ကျုံးအလှမှာ ကြည့်မဝသော ရှုခင်းတစ်ခုပင်ဖြစ်နေပေသည်။ ရတနာပုံရွှေနန်းတော်ကြီးကို ကာရံဝန်းပတ်ထားသော အုတ်မြို့ရိုးမှာ နိုင်ငံတကာခရီးသွား ဧည့်သည်များကို အထူးဆွဲဆောင်စေပေသည်။

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာသမိုင်းအမွေအနှစ် အုတ်မြို့ရိုးအမြင့်မှာ ၁၈ တောင် (၂၈ ပေ ၆ လက်မ)မြင့်ပြီး ကျောဘက်အတွင်းဘက်တွင် မြို့ရိုးထိပ်မှ ဆင်ခြေလျောအတိုင်း မြေသားဖို့ထားသည့်နည်းပညာနှင့် အယူအဆသည် စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ တုတ်၊ ဓား၊ လှံ၊ လေး၊ မြားအသုံးပြုသော ရှေးခေတ်ကတည်းက တည်ဆောက်ခဲ့သော မြေနီသရွတ်တို့သည်ပင် သေနတ်အမြောက်ဆန်များ အသုံးပြုသည့်ခေတ်အထိ အလွန်ခိုင်ခံ့ခဲ့သည်။

နိုင်ငံတကာခရီးသွား ဧည့်သည်များ စိတ်ဝင်စားသော မန္တလေးဂုဏ်ဆောင် အုတ်မြို့ရိုး၏ အရှည်မှာတာ ၆၀၀၊ အတောင်၄၂၀၀ လေးမျက်နှာစုစုပေါင်းအရှည် (၅ မိုင် ၁ ဖာလုံ)ရှိပေသည်။ သာသနာတော်နှစ်၂၄၀၀ သင်္ကေတကိုအမှတ်အသားပြုသော အထိမ်းအမှတ်အဖြစ် မြို့တော်ကို လေးထောင့်စတုရန်းတည်ကာ မြို့ရိုးတစ်ဖက်လျှင် တာ ၆၀၀ စီ အညီအမျှခွဲဝေထားခဲ့ပေသည်။ အုတ်မြို့ရိုး လေးမျက်နှာတွင် ဓာတ်တံကားလေးရပ်၌ ဘုံခုနစ်ဆင့် မိတ်တံခါးရှစ်ရပ်၌ ဘုံငါးဆင့်ထောင့်ပြကြီးလေးခုနှင့် ပြငယ် ၃၂ ခု၌ ဘုံငါးဆင့် ပြာသာဒ်များထုပ်စွပ်လျောက်စွပ်ကို မြန်မာရှေးဗိသုကာစနစ်ဖြင့်ဆောက်လုပ်ထားခဲ့ပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။



မြို့ရိုးလေးမျက်နှာပတ်လည်တွင် ပြာသာဒ်ကြီး၊ ပြာသာဒ်လတ်၊ ပြာသာဒ်ငယ် ၄၈ ဆောင်မှာ မြင်သူကိုငေးစေသည့် အလှပဆုံးသော ရှုခင်းတစ်ရပ်ပင်ဖြစ်နေပေသည်။ လှပသော ရှုခင်းနံဘေး စိတ်ချမ်းသာမှုမြင်ကွင်းလေးများက ညနေတိုင်းတွေ့မြင်နေရပေသည်။ လမ်းလျှောက်လာသူများသည် ကျုံးအနောက်ဘက်တွင် ကားများတန်းစီထိုးကာ လမ်းလျှောက်သလို ကုသိုလ်ပြုသူတို့မှာလည်း မြောက်မြားစွာသောခိုစာများကို အစာကျွေးကာ ကုသိုလ်ပြုလေ့ရှိသည်။ **တိမ်တမန်**

## မင်းဘူးမြို့တွင်ဘီပိုးကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းများဆောင်ရွက်

**မင်းဘူး ဇူလိုင် ၂၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်မှုဖြင့် အသည်းရောင် အသားဝါဘီကာကွယ်ဆေးထိုးနှံခြင်းများကို ဇူလိုင် ၁၄ ရက်မှ စတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသည်းရောင်အသားဝါဘီကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခြင်းအား ခရိုင်ကျန်းမာရေးမှူး ဒေါက်တာတင်ငွေ၊ မြို့နယ်ကျန်းမာရေးမှူး ဦးသန်းထွန်းအောင်တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ခရိုင်ကူးစက်ရောဂါ ကာကွယ်ရေးဌာနမှ ကျန်းမာရေးမှူး ဦးလှိုင်မျိုးကျော် ဦးဆောင်၍ အခြေခံကျန်းမာရေး ဝန်ထမ်းများက ထောက်ရှာပင်-ကမ်းနီ ရေနံမြေမှ ဝန်ထမ်းများကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**



## သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၁**
ဆင်ပေါင်ဝဲမြို့နယ်တွင် သဘာဝဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ သဘာဝဘေးဖြစ်ပွားချိန် ရှာဖွေကယ်ဆယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် ဘေးဖြစ်ပွားချိန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များသိရှိပြီး မိမိတို့မြို့နယ်သည် ဧရာဝတီမြစ်ဘေးတွင် တည်ရှိသည့်အတွက် အရေးပေါ်ဖြစ်ပွားပါက လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်နှင့် အဆင်ပြေစေရန် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားကြရေးနှင့် သတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး ပြောကြားရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြစ်ရေအခြေအနေနှင့် ရေဝင်နိုင်သည့် နေရာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အစည်းအဝေးသို့ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ် အရှေ့ပုလင်းကျေးရွာတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၂၁**
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအုပ်စု အရှေ့ပုလင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားသို့ ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ထူးမောင်၊ ခရိုင်ဒုအုပ်ချုပ်ရေးမှူးဦးနိုင်လင်းထက်၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ခရိုင်၊ မြို့နယ်လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ အရှေ့ပုလင်းကျေးရွာမှ ကျေးရွာမြေငှားဂရန်လျှောက်ထားသူ အိမ်ထောင်ဦးစီးများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာ ယနေ့ အရှေ့ပုလင်းကျေးရွာရှိ ဒေသခံပြည်သူများကို စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေမည့်ကျေးရွာမြေငှားဂရန် အထောက်အထားများ မိမိအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိကြောင်း၊ အရှေ့ပုလင်းကျေးရွာမှာရှိသည့် ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ရရှိပြီးဖြစ်သည့် မြေပိုင်ဆိုင်မှုအထောက်အထား ကျေးရွာမြေငှားဂရန်များကို လွယ်လင့်တကူ ပေါင်နှံခြင်း၊ ရောင်းချခြင်းများ မပြုလုပ်မိစေရန် အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကျေးရွာမြေငှားဂရန်စာချုပ် ထုတ်ပေးရန်ကျန်ရှိသည့် အိမ်ထောင်စုများကိုလည်း မိမိအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် တာဝန်ရှိသူများက အရှေ့ပုလင်းကျေးရွာရှိ ကျေးရွာမြေငှားဂရန်ရရှိနိုင်ရေး လျှောက်ထားသူ အိမ်ထောင်စု ၉၄ စုအတွက် ကျေးရွာမြေငှားဂရန်စာချုပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြသည်။

ညောင်ဦးမြို့နယ် အရှေ့ပုလင်းကျေးရွာသည် အိမ်ထောင်စု ၁၂၄ စု၊ လူဦးရေ ၅၂၀ ခန့် မှီတင်းနေထိုင်လျက်ရှိသည့်ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဆင်ပေါင်ဝဲမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၁**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် နိုင်ငံတော်သမ္မတကြီး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီက ဆင်ပေါင်ဝဲ-တောညောင်ပင်သာ ကားလမ်း မိုင်တိုင် အမှတ် (၀/၇)၊ စံပြချောင်းကောက်ရွာ မြောက်ဘက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုတို့က အဖွင့်အမှာစကားပြောကြားကြပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား သစ်ပင်များပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူတို့မှ ကျွန်းပင် ၁၅၀၊ လျှော်ဖြူပင် ၁၅၀ နှင့် ယူကလစ်ပင် ၁၅၀ စုစုပေါင်းပျိုးပင် ၄၅၀ တို့အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## သဘာဝဘေးအန္တရာယ် သင့်ပြည်သူများ ပြောင်းရွှေ့နေထိုင်သည့် ခိုင်ကမ်းမြို့တွင် အခမဲ့ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**တီးတိန် ဇူလိုင် ၂၁**
ကလေးမြို့နယ် ကက်သလစ်သာသနာပိုင်ဂိုဏ်းချုပ်ဆရာတော် Felix Lian Khen Thang ဦးဆောင်သော ကလေးမြို့ ကက်သလစ်သာသနာ၏ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်အစပ်ရှိ ချင်းတောင်ခြေ ခိုင်ကမ်းမြို့၌ ဇူလိုင် ၁၇ ရက်က ကျန်းမာရေးဆိုင်ရာ အခမဲ့ဆေးကုသမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါကျန်းမာရေးဆိုင်ရာ အခမဲ့ဆေးကုသမှုတွင် သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ထွမ်းခန့်ဆွမ်၊ ငှက်ဖျားတိုက်ဖျက်ရေးနှင့် HIV/AIDS ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဂိုခန့်နွမ်နှင့် လက်ထောက်ဆရာဝန်များဖြစ်ကြသော ဒေါက်တာထက်ရွှေရည်၊ ဒေါက်တာကြည်ဖြူထွန်း၊ ဒေါက်တာသန်းထက်၊ ဒေါက်တာဖြူနှင်းဝေနှင့် သူနာပြုများအပါအဝင် ကျန်းမာရေးအဖွဲ့ ၃၂ ဦးတို့သည် ခိုင်ကမ်းမြို့နှင့် အနီးတစ်ဝိုက်ရှိ ရပ်ကွက်နှင့် ကျေးရွာတို့မှ လူနာပေါင်း ၅၁၇ ဦးတို့အား အခမဲ့ဆေးကုသပေးနိုင်ခဲ့သည်။

ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဒါးလ်က “ကျွန်တော် ဒီခိုင်ကမ်းမြို့ကို စရောက်ခဲ့တာ တစ်နှစ်နီးပါးလောက်ရှိပါပြီ။ အခုလိုမျိုး ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး ဘယ်အဖွဲ့အစည်း၊ ဘယ်သူမှ မလာကြသေးပါဘူး။

‘ခိုင်ကမ်းကျေးရွာဟာ အခုလို မြို့အဆင့်ကို တိုးမြှင့်ပေးနေပြီး ပြည်သူတွေအတွက်လည်း မြို့အဆင့်နဲ့ အညီ ဆေးရုံ၊ ဆေးပေးခန်းတွေကို နိုင်ငံတော်က ချပေးလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။ မိမိတို့ကျေးရွာကို စွန့်ခွာပြီး ဒီခိုင်ကမ်းမြို့ကို ရောက်တဲ့အခါ စားဝတ်နေရေးအလွန်ခက်ခဲကြပါတယ်။

‘ဒါ့အပြင် သောက်သုံးရေမသန့်လို့ဝမ်းရောဂါနဲ့ အပြင်းဖျားတဲ့ရောဂါတွေ ပိုပြီးဖြစ်ပွားတာကြောင့် အခုလိုလာရောက်ပြီးတော့ အခမဲ့ဆေးကုသပေးတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင် ရှိပါတယ်” ဟု ပြောသည်။

အဆိုပါ ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်တွင် နေထိုင်သူများသည် ယခင်နှစ်က တီးတိန်မြို့နယ် လိုင်ဘုံကျေးရွာနှင့် ဝေါင်မွှောလ်ကျေးရွာတို့မှ သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွား ခံခဲ့ရပြီးနောက် ယင်းတို့၏ကျေးရွာများကို စွန့်ခွာ၍ ခိုင်ကမ်းမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်ကြသူများဖြစ်သည်။ ရေကောင်းရေသန့်မရှိသဖြင့် ဝမ်းရောဂါနှင့်ပတ်သက်သည့် လူနာများမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

**ဖိုဟေဆာ**

## ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း မဘိမ်းတွင်ဖွင့်လှစ်

**မဘိမ်း ဇူလိုင် ၂၁**
ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မိုးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအနေဖြင့် လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော ဌာနဆိုင်ရာ ၂၀ မှတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို သင်တန်းသား ၃၉ ဦးတို့အား ဇူလိုင် ၂၀ ရက်မှ ၃၀ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

## တောင်ကြီးတွင် စားသုံးရန်မသင့်သော အစားအစာအကြောင်း ပညာပေးဟောပြော



**တောင်ကြီး ဇူလိုင် ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား စားသုံးရန်မသင့်သော အစားအစာများအကြောင်းကို အသိပညာပေး ဟောပြောကြောင်း သိရသည်။

စားသုံးရန်မသင့်သောအစားအစာများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးနှင့်အဖွဲ့ဝင်များ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စဝ်ကြည်ဝင်းနှင့် တာဝန်ရှိသူတို့သည် ကျောင်းမုန့်ဆိုင်များတွင် စားသုံးရန်မသင့်သည့် မုန့်များကို လိုက်လံကြည့်ရှုစစ်ဆေးရာ စားသုံးရန်မသင့်သည့်မုန့်များကို သိမ်းဆည်း၍ မုန့်ရောင်းချသည့် ဆိုင်ရှင်များအား အသိပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးနှင့် ဒေါ်မိုမိုသီတာထွန်းတို့က ကျောင်းသား၊ ကျောင်းသူများအား စားသုံးရန်မသင့်သည့် မုန့်များကိုနမူနာပြ၍ ပုံနှင့်တစ်ကွ ရှင်းလင်းအသိပညာပေးဟောပြောခဲ့သည်။

ယင်းနေ့က ပြုလုပ်သော အသိပညာပေးဟောပြောပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူများ ၄၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာတို့၏ထိုးကွင်းထိုးခြင်းဓလေ့



**ခ** မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးတွင် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြသည်။ ကမ္ဘာ အရပ်ရပ်ရှိ ယဉ်ကျေးသည့်လူမျိုးများ၌ဖြစ်စေ၊ မယဉ်ကျေးသေးသည့် လူမျိုးများ၌ဖြစ်စေ ထိုးကွင်းထိုးခြင်း အလေ့အထသည် ရှေးရိုးဆန်သော လူမျိုးများတွင် စွဲမြဲနေလေသည်။ ထိုးကွင်းထိုးခြင်းသည် အသားအရေပေါ်တွင် အနီအနက်စသည့် ဆေးရောင်များကို ချွန်ထက်သော ဆေးထိုးစုတ်တံဖြင့် ထိုးနှံခြင်းဖြစ်သည်။ ယခုအခါတွင် ထိုးကွင်းထိုးခြင်း အလေ့အထသည် နည်းပါးသွားခဲ့ပြီဖြစ်သည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း ကျန်းမာရေးကို အခြေခံသော အကြောင်းကြောင့် ဖြစ်ပေသည်။

ထိုးကွင်းထိုးခြင်းအလေ့အထသည် ရှေးအခါက အလွန်ခေတ်စားခဲ့သည်။ ဂျပန်နိုင်ငံတွင်လည်း များစွာခေတ်စားခဲ့သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အလွန်ခေတ်စားခဲ့သော ဓလေ့တစ်ခုဖြစ်သည်။ ရှေးခေတ်ဂျပန်လူမျိုးများနှင့် ရှေးခေတ်မြန်မာလူမျိုးများ၏ ကိုယ်ပေါ်တွင် ထိုးကွင်းဆေးရုပ်များကို ထိုးနှံခဲ့ကြလေသည်။ ထိုနည်းတူစွာ ပေါ်လီနီးရှင်းလူမျိုး၊ မာအိုရီလူမျိုးနှင့် မာကေဆက္ကျွန်းသားများသည်လည်း ထိုးကွင်းထိုးခြင်း အလေ့အထကို အထူးသဖြင့် ပြုလုပ်ခဲ့ကြသူများဖြစ်သည်။ ယခုခေတ်တွင် အင်္ဂလိပ်၊ အမေရိကန်စသော အနောက်တိုင်းသားလူမျိုးများ၌ပင် ဆေးရုပ်ထိုးနှံခြင်း အလေ့အထသည် လုံးဝပျောက်ကွယ်သွားခြင်းမရှိသေးဘဲ တက်တူးထိုးခြင်း အလေ့အထကို အများအပြား တွေ့ရှိနေကြရသည်။

ထိုးကွင်းထိုးခြင်းကို စစ်ပွဲတွင် သတ္တိရှိခြင်း အမှတ်အသားအဖြစ်ဖြင့်လည်းကောင်း၊ ရန်သူများ ကြောက်လန့်သွားစေရန်လည်းကောင်း၊ အလှအပအဖြစ်ဖြင့်လည်းကောင်း၊ ရည်ရွယ်၍ ပြုလုပ်ကြသည်။ တစ်ခါတစ်ရံ ဘာသာရေးကြောင့် ထိုးကွင်းထိုးကြသည်။ အချို့လူမျိုးများသည်ကား ဝမ်းနည်းသည့်အထိမ်းအမှတ်ဖြင့် တစ်သက်မမေ့နိုင်အောင် ထိုးကွင်းထိုးကြသည်။

ရှေးအခါက မြန်မာလူမျိုးများသည် ခါးမှစ၍ ဒူးဆစ်အထိ ထိုးကွင်းထိုးသည့်အလေ့အထရှိခဲ့သည်။ ဆေး၏အရောင်မှာ အနက်သို့မဟုတ် နက်ပြာဖြစ်သည်။ ထိုသို့ထိုးကွင်းထိုးရာတွင် မြန်မာလူမျိုးများသည် ကြောင်ရုပ်များကိုလည်း ထိုးလေ့ရှိခဲ့ကြသဖြင့် မင်ကြောင်ဟုလည်း ခေါ်ကြသည်။ ရှေးမြန်မာလူမျိုးများသည် အကြမ်းပတမ်းလုပ်ကိုင်ရာတွင်လည်းကောင်း၊ စစ်ထွက်သည့်အခါတွင်လည်းကောင်း၊ အောက်ပိုးကျိုက်လုပ်သည့်အခါတွင် အမြင်လှပတင့်တယ်စေရန်လည်းကောင်း၊ ယောကျ်ားပီသခြင်းကို ပြသလို၍လည်းကောင်း၊ ခါးမှဒူးဆစ်အထိ ထိုးကွင်းထိုးနှံကြလေသည်။ ရှေးခေတ်က ထိုးကွင်းမရှိသော ယောကျ်ားသည် ယောကျ်ားမပီသဟု ယူဆခဲ့ကြသည်။ တောင်ငူမင်း နတ်သျှင်နောင်၏ ညီတော် မင်းရဲကျော်စွာသည် ထိုးကွင်းထိုးနှံခြင်းမရှိသဖြင့် နောင်တော်နတ်သျှင်နောင်က သူ၏ရတုစာအချို့တွင် ညီတော်မင်းရဲကျော်စွာအား ရည်ငံရင်းရှိသည့် မင်းသမီးကပြက်ရယ်ပြုလေဟန် ရေးစပ်ဖွဲ့ဆိုခဲ့ဘူးပေသည်။

"ဖြိုးမောက်မသင့်၊ ပတ်မမြင့်တည့်၊ ရှေ့နှင့်နောက်သာ၊ နံမှာဖြူရောင်၊ သလင်းတောင်ကို၊ မည်းအောင်ဖြည့်လေ၊ ပြည့်မှစေလော့၊ မြင်ချေသည်မူ၊ ခြောက်ပြည်သခင်၊ နေလုလင်လည်း၊ သို့စင် လွန်ကဲ၊ တင့်မည်ခဲစွ၊ မင်းရဲကျော်စွာ၊ မည်သာလွင့်ပေါ်၊ မင်သေ့သော်မူ၊ နံတော်နှစ်ဘက်၊ စွန်းမစက် သည်၊ မရှက်ပတ်လည် ဝေးသေးသည်။"

အသားအရေပေါ်တွင် တစ်ခါထိုးပြီးသော ထိုးကွင်းရုပ်သည် လှသည်လည်းကောင်း၊ ပီပြင်သည်လည်းကောင်း၊ မပီပြင်သည်လည်း . . .

တချို့သောသူများသည် ပေါင်တွင် ကြောင်ရုပ်၊ ငှက်ရုပ်၊ လက်ဖျံ၊ ပခုံးနှင့်လည် ကုတ်ပေါ်တွင် အိမ်မြှောင်ရုပ်၊ လူရုပ်နှင့်ဝလုံး၊ ရင်ညွှန့်တွင် နငယ်ကွင်းပိတ်၊ လက်ခုံတွင် ပင့်ကူရုပ်အစရှိသည်တို့ကို အဆောင်အဖြစ်ဖြင့် ထိုးနှံလေ့ရှိကြသည်။ ယင်းသို့ဆေးရုပ်များ ထိုးနှံခြင်းကို မင်ကြောင်ထိုးခြင်းဟုခေါ်သည်။ အဆောင်အဖြစ်ဖြင့် မင်ကြောင်ထိုးခြင်းကို ကုန်းဘောင်ခေတ်ပေါ် ပြဇာတ်ဆရာကြီး ဦးကြင်ဥ၏ ပါပဟိန်ပြဇာတ်တွင် 'ရောသည်တခါ၊ ခိုင်မာစေ့စပ်၊ မြို့သစ်တပ်ကို၊ ကြပ်ကြပ်ခြေစုံ၊ ရပ်တဲ့လို့ခုန် တော့မည်။ စက်စုံအပ်မြှုပ်၊ လည်ကုပ်က ငုံး၊ ပခုံးဆံစပ်၊ ပိုးဟပ်တသွယ်၊ ဒေါင်းလည်ပြန်ပေါင်၊ ကြောင်ရင်းဒါ လီ၊ ဇော်ဂျီလက်ယာ၊ ဝိဇ္ဇာ လက်ဝဲ၊ ဖရုံဆွဲကျား၊ တင်ပါးက မျောက်၊ ခါးကောက်ဘီလူး၊ နဖူးပင့်ကူ၊ တက်တူ လက်ညိုး၊ ပါးရိုးအိမ်မြှောင်၊ ဆိုခဲ့ပြီး ဂုဏ်ဟိတ်၊ ဆေးကျားကြောင် အအိပ်နှင့်၊ ရိုးရိပ်မျှ မမြင်အောင်၊ ဝိုင်းဆိုတိုင်း ချပ်ပိတ်ကာ၊ လူခြေတိတ်သန်းခေါင်၊ ပတ်မိုးမှောင် ချတော်မူစမ်း" ဟု ရေးသားဖော်ပြထားသည်။

အချို့ကလည်း လက်မောင်း၊ ရင်ဘတ်၊ ကျောပြင်၊ ပေါင်တံနှင့်တစ်ကိုယ်လုံး နေရာအနှံ့အပြားတွင် ဆေးနီ၊ ဆေးနက် မင်ကြောင်ရုပ်များ၊ စာနီ၊ စာနက် စမအက္ခရာများ၊ အင်းများကို ကာယသိဒ္ဓိအလို့ငှာလည်းကောင်း၊ ပီယသိဒ္ဓိအလို့ငှာ လည်းကောင်း၊ အလှအပ သက်သက် အလို့ငှာလည်းကောင်း၊ ထိုးနှံလေ့ရှိကြသည်။ ယင်းသို့ ထိုးနှံခြင်းကို ကျည်းကန်ရှင်ကြီး မေတ္တာစာတွင် 'မင်နက်မင်နီ၊ မဟာဆီတို့ဖြင့်၊ ပလီပြီပြင်စွာ၊ သာမဏေကျော်သီရိစက်၊ ကပတ်ကွက်သရေကြာ၊ ကတ္တရာနှင့်၊ စမ္ပနဝဘီလူးခက်၊ အက္ခရာလေးလုံး၊ ဝါကြိတ်လိမ်အမျက်၊ ဂဏန်းတွေ အဆင်းအတက်၊ ဂါထာမန္တာန်တွေရံလျက်၊ အင်းကွက်ပုံအသေအခွေတွင်၊ ဆင်သွား မြင်းသွား၊ ဗိုလ်သွား ရထားတိုက်၊ အလိုက်သင့်အနေ အစုံတွင် ဖက်လက်၍၊ လက်ဝဲဘက်ကား ကျားညီနောင်၊ လက်ယာပေါင်မှာ အိမ်မြှောင်တွေ အဆင်းအတက်၊ နားရွက်မှာ လိပ်ပြာတောင်၊ ထိပ်ပြောင်မှာ ကြက်ခြေရစ်၊ အဆစ်ဟူသမျှမှာ သုညတွေအလုံးလုံး၊ ပခုံးနှင့် လည်ကုပ်မှာ၊ အဌမှတ်ဆယ့်နှစ်ခွင်၊ ကျောပြင်မှာ စမ္ပာနဝပြာသာဒ်၊ အာစပ်နှင့် နှုတ်ရေးမှာ ဩဥတ္တိအပြန်အလှန်၊ ဆံစပ်မှာ တိလောမာလောဇာ၊ မြင်ကောင်းရာဟူသမျှတစ်ခွင်မှာ၊ အင်းစီးကျား တဟုန်းဟုန်း၊ သားလုံးနှစ်ဘက်ကတက်ကြ ဟန် သက်ကြဟန်၊ မျောက်ကလေးတွေ စီစီရီရီ၊ လက်ဖျံဆီမှာ ဆေးနီနှင့်စာကြောင်း တွေ့၊ နေဝင်ကြောင်၊ မှိုင်းကြောင်၊ ခိုးကြောင်တိုးကြောင်၊ သဲကြောင် ဗားမဲ့ကြောင့်၊ ခါးပတ်ကြောင် ခါးပြတ်ကြောင်၊ မိုးမှောင်ကျကြောင်ပတ်လက်၊ စားခွက်နိုက် သံလျက်ကိုက်၊ မီးချင်းဆိုက် ခေါင်းချင်းတိုက်၊ အရွေလိုက်ကြောင်အလွှန်၊ ဂဝံပုတီး၊ ကျားဘီလူကြီး၊ အင်းစီး ပြည်လုံးမွှေး၊ ကေသရာဇာ တံခွန်စိုက်၊ ထိုက်ဖလို့ကြောင်၊ သူကောင်ချီကြောင် ဒါလီ၊ ညောင်ဘီလာ ယဝ၊ ကိုးလုံးဝ အထွေထွေ၊ အခြည်အကွင်းတို့ကို ကိုယ်တွင်းပြည့် အထပ်ထပ်၊ ဒရစပ်တင်းကျမ်း၊ အလျှမ်းသား စိတ်ရှိနှံ့၍' ဟုရေးသားထားသည်။

ချင်းပြည်နယ် တောင်ပိုင်းမှ ချင်းအမျိုးသမီးအချို့သည်များသောအားဖြင့် မျက်နှာတွင် ဆေးမင်များထိုးထားကြသည်။ ထိုသို့မျက်နှာတွင် ဆေးမင်ထိုးခြင်းကို ပါးရဲထိုးခြင်းဟုခေါ်သည်။ ထိုးကွင်းထိုးခြင်းအလေ့အထသည် ယခုခေတ်မြန်မာလူမျိုးများတွင် လုံးဝမရှိသလောက်ပင် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ အသားအရေပေါ်တွင် တစ်ခါထိုးပြီးသော ထိုးကွင်းရုပ်သည် လှသည်လည်းကောင်း၊ ပီပြင်သည်လည်းကောင်း မပီပြင်သည်လည်းကောင်း ပြန်ဖျက်၍ကားမရပေ။ ထို့ကြောင့် ဆေးရုပ်လှမလှပီမပီ ထိုးကွင်းထိုးဆရာ၏ ကျွမ်းကျင်မှုပေါ်တွင် မူတည်လေသည်။ ရှေးခေတ်စာဆိုကျော်တစ်ဦးကလည်း ထိုးကွင်းထိုးရာတွင် အချက်မပိုင် နောင်အခါပြန်လည်၍ ပြင်ဆင်ရန် ခက်ခဲသည့်အကြောင်းကို "တက္ကသိုလ်ဆရာတစ်ဦးက၊ မှာဘူးသည့်နှုတ်ခြည်၊ အိမ်ထောင်ဦး ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးခု ချက်မပိုင်လျှင်၊ နောင်ပြင်နိုင်ခက်သည့်အမျိုး" ဟုပင် စာစပ်ထားခဲ့လေသည်။

မင်ကြောင်နှင့်ဆေးနီ ဆေးနက်များ ထိုးခြင်းအလေ့အထမှာ အလှအပသက်သက် ထိုးခြင်းဖြစ်သည်။ အများအားဖြင့် လက်ဖျံနှင့် မောင်းအိုးတွင် မင်ကြောင်နှင့်ဆေးရုပ် အမျိုးမျိုးတို့ကို ထိုးလေ့ရှိကြသည်။ ထိုးသည့် ကိရိယာမှာလည်း ရှေးကအသုံးပြုခဲ့ကြသည့် နှစ်ခွစုတ်၊ လေးခွစုတ်မျိုးမဟုတ်ဘဲ ဆေးရုပ်ထိုးစက်ကလေးများဖြစ်သည်။ ထိုးကွင်းမင်ကြောင် ထိုးခြင်းဓလေ့မှာ မြန်မာနိုင်ငံတွင် ရှေးယခင်ကပေါများစွာရှိခဲ့ကြသည့်အပြင် ယောကျ်ားပီသခြင်းကို ပြသခဲ့သည့် အထိမ်းအမှတ်အဖြစ် ထိုးနှံခဲ့ကြခြင်းဖြစ်သည်။ ယခုအခါတွင်တော့ ဆေးပညာကျန်းမာရေးအရ ၎င်းထိုးကွင်းမင်ကြောင်ထိုးခြင်းဓလေ့များ တိမ်ကောပျောက်ပြယ်ခဲ့ရပြီ ဖြစ်ပေတော့သည်။

**ကိုးကားချက်- မြန်မာ့စွယ်စုံကျမ်းအတွဲ-၅**

## ရေကာတာပေါ်တွင်ပြုလုပ်နေသောသဲကျောက်လုပ်ငန်းများကြောင့် ရေကာတာအန္တရာယ်စိုးရိမ်နေရ

**ဟသ်ာတ ဇူလိုင် ၂၁**

ဟသ်ာတမြို့ ဆကာရပ်ကွက်ကြား သဘော်ဆိပ်ရေကာတာ၊ ကင်းရပ်ကွက် ဆန်းရှိုးတာဘောင်၊ ရွှေကူရပ်ကွက်နှင့် ဆကာခြား မြသီတာလမ်း နှစ်စဉ်ကုန်းရေကာတာပေါင်များတွင် သဲကျောက်လုပ်ငန်းများကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်ခြင်း၊ ကားပေါ်သို့ တိုက်ရိုက်စုပ်တင်ခြင်း၊ ကျင်းကြီးများဖြစ်အောင် တူးယူခြင်းများကြောင့် တာပေါင်များ အန္တရာယ်ဖြစ်ပေါ်လာနိုင်သည်။ အဆိုပါ လုပ်ငန်းများကြောင့် ရေကာတာများ အချိန်မရွေး အန္တရာယ်ဖြစ်ပေါ်နိုင်ပါသည်။ မြို့နယ်အတွက် ၎င်းတာပေါင်များသည် အဓိကအားထားရသော ရေကာတာများဖြစ်ပါသည်။

"ကျွန်တော်တို့ရေကင်းတွေ ဘယ်လောက်ဆောက်ဆောက် ဒီကျောက်စုပ် တင်ချလုပ်နေတဲ့နေရာက အချိန်မရွေးပေါက်ကျနိုင်ပါတယ်။ ဒါ့အပြင် လူနေအိမ်တွေက တာပေါင်ပေါ်မှာ ဆောက်ထားလို့ စားကြွင်းစားကျန်တွေကြောင့် ကြွက်တွင်းတွေဖြစ်ပြီး အချိန်မရွေး အန္တရာယ်ဖြစ်နိုင်ပါတယ်။ အခုစိုးရိမ်ရမှတ်ရောက်နေပြီ ဒါတွေကို အချိန်မီ တားဆီးပေးစေလိုပါတယ်"ဟု ဆကာရပ်ကွက်ရပ်မိရပ်ဖဦးစိန်သန်းက ပြောသည်။

**(၇၀၀)**

